ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့၊ (4-2-2008) (၅၅၈၃)

သိပ္ပဉ္စ
ဧတံ မင်္ဂလ
မုတ္တမံ

လက်မှုစက်မှုပညာ
တတ်မြောက်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဖေဖော်ဝါရီ　　၄

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင်ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မဟင်ဒါ ရာဂျာ ပက်ခ်ဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကလေးခရိုင်အတွင်း မဏိပူရနှင့် ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းများ ဆောင်ရွက် စိုက်ပျိုးရေ ပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ်ပါ ထုတ်လုပ်ပေးနိုင်မည်

နေပြည်တော်　　ဖေဖော်ဝါရီ　　၃

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းတွင် မုံရွာတပ်နယ် ဇေယျာသီရိခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို အကျယ်တဝင့်မှာကြားပြီး တပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး ရေလွှဲဥမင် အမှတ်(၁)နှင့် (၂) အဝင်ပိုင်းတို့၌ ကျောက်ရောမြေဖယ်ရှားခြင်းလုပ်ငန်း၊ ကျောက်သားဖောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင် အမှတ်(၁)နှင့် (၂)

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သီရိလင်္ကာနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဖေဖော်ဝါရီ　　၄

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၆၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ်မာနာရာကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၄–၂–၂၀၀၈
(တနင်္လာနေ့)

ဆန်စပါးတိုးမြှင့်စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်း

စားနပ်ရိက္ခာဖူလုံရေးသည် ကမ္ဘာ့လူသားအားလုံးအတွက် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ နေရာဒေသမရွေး နေ့စဉ် စားနပ်ရိက္ခာ ဖူလုံစွာရရှိရေး၊ အန္တရာယ်ကင်းသောအစားအစာ ဖြစ်ရေးတို့သည် လူတိုင်းအတွက် မရှိမဖြစ် လိုအပ်ချက်များဖြစ်ရာ လယ်ယာစိုက်ပျိုးသော နိုင်ငံတိုင်းက သီးနှံပိုမိုစိုက်ပျိုးထွက်ရှိရေး အားထုတ်ကြိုးပမ်းလျက်ရှိသည်။

အာဆီယံဒေသအတွင်း ဆန်စပါးအဓိကစိုက်ပျိုးနေသော နိုင်ငံတို့၏ တစ်နှစ်တာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပသို့ ဆန်တင်ပို့နိုင်မှု အခြေအနေကို လေ့လာကြည့်ပါက စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်တွင်းဆန်ဈေးကွက်နှင့် စားသုံးမှုပမာဏ ထိန်းညှိနိုင်မှုတို့ အပေါ်တွင် တည်မှီ၍ တင်ပို့မှုကွာခြားချက်ရှိကြောင်း တွေ့ရသည်။

မြန်မာ၊ ထိုင်း၊ ဗီယက်နမ် ဆန်ထိပ်တန်း သုံးနိုင်ငံတွင် ထိုင်းနိုင်ငံသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် တစ်ဧကအထွက်နှုန်းမှာ မြန်မာနှင့် ဗီယက်နမ်တို့ထက် နည်းပါးသော်လည်း ဆန်အများဆုံးတင်ပို့နေသည်။ ဗီယက်နမ်နိုင်ငံသည် စိုက်ဧက နည်းပါးသော်လည်း တစ်ဧကအထွက်နှုန်းနှင့် ထုတ်လုပ်နိုင်မှုတွင် ကျန်နိုင်ငံများထက် များပြားနေကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံတွင် သီးနှံစိုက်ဧရိယာ ဟက်တာ သန်းနှစ်ဆယ်ကျော် ရှိပြီး ပင်မရိက္ခာသီးနှံ ဆန်စပါးစိုက်ပျိုးသောဧရိယာ ဟက်တာ ၈ ဒသမ ၁ သန်းကျော်အထိရှိသည်။ ဆန်တန်ချိန် ၁၄ ဒသမ ၇ သန်း ကျော်ထွက်ရှိရာ ပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက် ဖူလုံစေရုံမျှမက ပိုလျှံသည်များကို ဆန်လိုအပ်သည့် နိုင်ငံအချို့သို့ တင်ပို့လျက်ကြောင်း သိရသည်။

ယခုအခါ ဒေသတွင်းနိုင်ငံအချို့၏ ဆန်လိုအပ်ချက် မြင့်တက်လာမှုနှင့်အတူ ပိုမိုစိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးမြေများ တိုးမြှင့်စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်သီးနှံမျိုးများ သုံးစွဲရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာနှင့် စက်မှုလယ်ယာလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဆန်စပါးအပါအဝင် သီးနှံများ ပိုမို ထုတ်လုပ်တင်ပို့နိုင်မည် ဖြစ်ပါသည်။ ။

ရမ်းဗြဲမြို့ အတုလရံသီစေတီတော် ပြန်လည်မွမ်းမံရေး လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၃

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့ ပုဏ္ဏားတောင်ဘုန်းကြီးကျောင်းတွင် ယခင် ရှေးနှစ်ပေါင်းများစွာကပင် တည်ထားကိုးကွယ်ခဲ့သော ‘အတုလရံသီ ’ စေတီတော်မြတ်ကြီးအား ၁၃၁၂ ခုနှစ်တွင် ပြန်လည်မွမ်းမံ တည်ဆောက် ခဲ့သော်လည်း ယခုအခါ ရာသီဥတုဒဏ်ကြောင့် ထပ်မံပြိုပျက်သွားခဲ့ပြန်သဖြင့် ရှေးဟောင်းဌာပနာတော်များနှင့်အတူ အသစ်ပြန်လည်တည်ထားမည်ဖြစ်သည်။

ထိုသို့ ရှေးဟောင်းစေတီတော်မြတ်ကြီး အသစ်ပြန်လည်တည်ထား နိုင်ရန် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်မိသားစုက လှူဒါန်းငွေကျပ် နှစ်သိန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေနှင့်ဇနီး ဒေါ်မြသိင်္ဂီမိသားစုတို့က လှူဒါန်းငွေကျပ် သိန်း၅၀ တို့ကို မတည်လျက် ဘက်စုံပြန်လည်တည်ဆောက်ရန် ကုန်ကျမည့် ခန့်မှန်းခြေ ကျပ် သိန်း ၁၅၀ ခန့်ဖြင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကဘွဲ့တံဆိပ်တော်ရ ပုဏ္ဏားတောင် ကျောင်းထိုင်ဆရာတော် ကြီး ဘဒ္ဒန္တနန္ဒောဘာသက ကြီးမှူးတည်ထားတော်မူမည်ဖြစ်သည်။ ရပ်နီး ရပ်ဝေးနေ ရမ်းဗြဲမြို့နယ်သူ၊ မြို့နယ်သားများနှင့် စေတနာအလှူရှင်များအနေဖြင့် ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရမ်းဗြဲမြို့၊ ဦးသာထွန်းဦး ဖုန်း–၀၁–၆၆၁၀၉၃၊ ရန်ကုန်မြို့၊ ဦးချစ်ပန်းဦး ဖုန်း–၀၁–၅၀၁၆၉၂၊ ရန်ကုန်မြို့၊ ဒေါ်အုန်းညွန့်၊ ဒေါ်ခင်အုန်းလင်း ဖုန်း–၀၁–၅၆၄၆၃၉၊ ရန်ကုန်မြို့ ဒေါ်မေရီစော ဖုန်း–၀၁–၅၇၃၅၃၈ ရန်ကုန်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖျာပုံမြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၃

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဖျာပုံမြို့ အမှတ်(၅)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက်တွင် အဆိုပါလမ်းသစ်ထိပ် မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ကတ္တရာ လမ်းသစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင် ပြပြီး ပြည်သူများကိုယ်စား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးထွန်း အောင်က ကျေးဇူးတင်စကားပြောကြား သည်။

ကြည့်ရှု

ထို့နောက် ဧရာဝတီတိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုး တင့်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်း ထွန်းနှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးချစ် တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့် လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လမ်းသစ် ဖွင့်ပွဲမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးကာ ကတ္တရာလမ်းသစ်ကို ကြည့်ရှု ကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည် ၂၆၅၈ ပေနှင့် အကျယ် ၁၂ပေ ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့ အမှတ်(၅)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲတွင် ကတ္တရာလမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်ရှိ သံဃာတော်အရှင်သူမြတ်များ အရဏ်ဆွမ်းဆက်ကပ်ရန် အတွက် ဖေဖော်ဝါရီ ၂ ရက်က ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းငွေကျပ် ၁၀ သိန်းကို မြို့နယ်အတွင်းရေးမှူး ဦးအောင်နိုင်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများက ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရထံ ရေစက်ချ လှူဒါန်းရာ ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးဟန် လက်ခံယူစဉ်။ (၁၉)

In Country Workshop on Quality Children TV Production သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် AIBD / EBs/FFs တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် In Country Workshop on Quality Children TV Production သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး တက်ရောက်၍ အမှာ စကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များပေးအပ်ပြီး AIBD မှ Programme Manager, Ms. Hyunsook chung အား ဂုဏ်ပြုလက် ဆောင်ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပြန်ကြားရေး ဝန်ကြီးဌာန အောက်ရှိ ဌာနများမှ သင်တန်းသား ၂၅ ဦးတက်ရောက် ကြသည်။ သင်တန်းကာလမှာ ငါးရက် ကြာမြင့်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြား ရေးမှူးချုပ် ဦးခင်မောင်ဌေး In Country Workshop on Quality Children TV Production သင်တန်းဆင်းပွဲတွင် သင်တန်းသူ တစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်း တော်ကြီး ဖြစ်မြောက်ရေးအတွက် ၉၂ လမ်း ကန်တော်ကလေး မင်္ဂလာ တောင်ညွန့်မြို့နယ်နေ ဦးစိုးလင်း– ဒေါ်ရီရီမြင့်တို့အား အမှူးထား၍ ဒေါ်ခင်စိုးစိုးပိုင် ၏ (၄၄)နှစ်မြောက် မွေးနေ့အလှူအဖြစ် ငွေကျပ် တစ်သိန်း ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင် ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) (၂၇)ကြိမ်မြောက် နှစ်ပတ်လည် သင်း လုံးကျွတ် အစည်းအဝေး၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီတွင် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးဓမ္မာရုံ ၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ် ပြည့်ပြီး ကန်တော့ခံသူ အသင်းဝင် ပုဂ္ဂိုလ်များ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ် ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ထားသူများ၊ ရန်ကုန်မြို့မှ အသင်းဝင်များ၏ သား၊ သမီးများ၊ ဒိုက်ဦးမြို့နယ်မှ အမှတ်အများဆုံး သုံးဦး နှင့် ဆရာပု၊ ဆရာဦးချစ်ဆွေ၊ ဆရာမ ဒေါ်အေးကြည်၊ ဦးဘစောနှင့် ဇနီး ဒေါ်ခင်ခင်ဦးနှင့် အမှုဆောင်အဖွဲ့တို့၏ ပညာသင် ထောက်ပံ့ကြေးဆုရရှိရန် ဒိုက်ဦးအထကမှ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများ၏စာရင်း ကို ဖေဖော်ဝါရီ ၁၀ ရက် နောက်ဆုံး ထား၍ နာယက ဦးမောင်မောင်ဌေး ဖုန်း–၃၇၉၃၇၇၊ ဗိုလ်မှူးဘဝင်း(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း–၅၆၅၄၂၁၊ ၀၉၈၀–၂၃၅၀၀၊ ဦးကျော်ဝင်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း– ၂၀၁၁၄၂၊ ဒေါ်တင်တင်အုန်း (ဒုတိယ ဥက္ကဋ္ဌ) ဖုန်း–၃၈၆၆၁၂၊ ဦးတင်နု (အတွင်းရေးမှူး)ဖုန်း–၅၈၄၂၆၆ တို့သို့ ဆက်သွယ်စာရင်းပို့ကြရန် နှိုးဆော် ထားသည်။ (က–ပ)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း နန်ချိုနှင့်အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းတွင်ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေးက နေပြည်တော် ပျဉ်းမနား၏ အရှေ့ဘက် ၁၆မိုင်အကွာ နန်ချိုချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်လျက် ရှိသော စက်တပ်ဆင်အင်အား ၄၀မဂ္ဂါဝပ်ရှိမည့် နန်ချိုရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

နန်ချို ရေအားလျှပ်စစ်စီမံကိန်းသည် ယခုအခါ ၁၇ ဒသမ ၀၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် နေပြည်တော် ပျဉ်းမနားအရှေ့ဘက် ၂၆မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသော စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၄၀ ရှိမည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း နန်ချို ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၁ လျှပ်စစ်)

သတ္တမအကြိမ် ရွှေညဝါသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်း သာဓုပရိယတ္တိစာသင်တိုက်အတွင်း၌ သတ္တမအကြိမ် ဓမ္မာစရိယနှင့် အဘိဓမ္မာရွှေညဝါဆရာဖြစ်သင်တန်းကို ဧပြီ ၂၄ရက်မှ ဇွန် ၃ ရက်အထိ ရက်ပေါင်း ၄၀တိုင်ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသော သံဃာတော်များအနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဖုန်း ၀၁-၅၁၀၅၆၆သို့ ဆက်သွယ်နိုင်ပြီး တက်ရောက်ခွင့် လျှောက်လွှာပုံစံများကို ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထားထုတ်ယူနိုင်ကြောင်းသိရသည်။ (က-ပ)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် စာအုပ်ဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

၁၉၃၃ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သော ရန်ကုန်မြို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီးသည် ယခုနှစ်တွင် (၇၅)နှစ်ပြည့်မြောက်ပြီး စိန်ရတုကာလသို့ ရောက်ရှိပြီဖြစ်သည်။ စိန်ရတုအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁ရက်မှ ၁၀ရက်အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဘွဲ့ရ ဆရာတော်ကြီးများက ၁၀ရက်တိုင် တရားဒေသနာများ ဟောကြားတော်မူကြပြီး ဓမ္မပူဇာ အလှူတော်မင်္ဂလာ ပြုလုပ်ခဲ့သည်။

စိန်ရတုအထိမ်းအမှတ်အစီအစဉ်အဖြစ် ဘိုးဘွားများအားကုသိုလ် ပြုသည့်အနေဖြင့် စာအုပ်ဆိုင်ပေါင်း ၅၀ခန့်ပါဝင်ပြသရောင်းချကုသိုလ်ယူကြမည့် "စာအုပ်ဈေးပွဲတော်"ကို ဖေဖော်ဝါရီ ၉ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဝင်းအတွင်း၌ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသ ရောင်းချသွားရန် စီစဉ်လျက်ရှိသည်။

ဆိုင်ခန်းဖွင့်လှစ်လိုသည့် စာပေတိုက်များ၊ စာအုပ်အရောင်းဆိုင်များသည် ဖေဖော်ဝါရီ ၅ရက်နောက်ဆုံးထား၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းရမည်။

ဆိုင်ခန်းများကို ဖေဖော်ဝါရီ ၇ရက် နံနက် ၁၀နာရီတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ မဲနှိုက်နေရာချထားပေးမည်ဖြစ်သည်။ ရုံးချိန်အတွင်း ဖုန်း- ၅၄၁၇၉၇၊ ၅၄၁၇၉၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

သဃ်န်းကျွန်းမြို့နယ်စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်အစည်းအဝေးနှင့် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၇ခုနှစ် မြို့နယ်နှစ်ပတ် လည်အစည်းအဝေးနှင့် ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေ ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီကမြို့နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ညွန့်(မောင်နေမျိုး)နှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး(မောင်ဟေမာ)တို့က အသီးသီး အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ၂၀၀၇ ခုနှစ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာကို အတွင်းရေးမှူး ဦးဘသစ်(ဘသစ်ထူး)က ဖတ်ကြား အတည်ပြုချက်ရယူပြီး ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်းမြင့် (ယုဝတီသဇင်-ဗန်းမော်) က ရှင်းလင်းဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ ၁၃၆၉ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့သို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ကြည် (ရေနံမြေ-မောင်မောင်ကြည်)က ဖတ်ကြားသည်။ ထို့နောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ မစန္ဒာက နှုတ်ခမ်းထက်မှဓားနဲ့ ပျားခေါင်းစဉ်နှင့် ဟောပြောပြီး**(ဝဲပုံ)** နွမ်ဂျာသိုင်းက စာရေးသူမှစာဖတ်သူသို့ခေါင်းစဉ်တို့ဖြင့် အသီးသီးဟောပြောကြသည်။ (၅၀၆)

The Mirror

စာပေရေးရာ သတင်းများ

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်း ရုံးခန်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးခန်းသစ်ဖွင့်လှစ်ခြင်းနှင့် ဆိုင်းဘုတ် တင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က ဝေဘာဂီမြို့သစ် (၄)ရပ်ကွက် မေခလမ်း အမှတ်(၁၇၇)ရှိ အဖွဲ့တည်ရာဌာန၌ကျင်းပရာ တစ်သက်တာ စာပေဆုရ စာပေပညာရှင်ကြီးများဖြစ်ကြသော ဦးလှကြိုင်(ပါရဂူ)၊ ဦးလေးမြိုင်(လေးမြိုင်)နှင့် ဦးငွေမောင်(ငွေမောင်)တို့က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်သစ်ကို တင်မြှောက် ချိတ်ဆွဲပေးပြီး ရုံးခန်းသစ်အား ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအနေဖြင့် အင်အားသစ် ဖြည့်ဝင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နှစ်စဉ်ကြေးပေးသွင်းခြင်း၊ ထောက်ခံစာများပြုလုပ်ခြင်း၊ နာမကျန်း ထောက်ပံ့မှု အကူအညီတောင်းခံခြင်းနှင့် လှူဒါန်းခြင်းတို့အတွက် အထက်ဖော်ပြပါ အဖွဲ့တည်ရာလိပ်စာနှင့် ဖုန်း-၆၉၀၀၅၆၊ ၆၆၁၅၁၀နှင့် ၆၉၀၁၄၁ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (၆၇)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၆) ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၃

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၆)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ **'စက်ဘီးပြန်နင်းကြပါစို့'** အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ မြဝတီရုပ်သံလိုင်းသစ်များ ဒီဂျစ်တယ်စနစ်ဖြင့် စတင်ထုတ်လွှင့်ပြီ၊ ဓာတ်ဆီအစားသုံးနိုင်သော ဘိုင်အိုအီသနောစက်ရုံ လားရှိုးတွင် အောင်မြင်စွာ လည်ပတ်၊ အချက်အလက် အထောက်အထားပြည့်စုံလျှင် ဂျပန်ဗီဇာရဖို့မခက်၊ ဝှစ်ရှုံနှင့် အက်စတီမာများကို ကားကြိုက်သူများ ရင်မခုန်နိုင်သေး၊ မြန်မာနိုင်ငံတွင် ရေနံစိမ်းစည်ပေါင်း သန်း ၃၀၀၀ ကျော်ခန့် ထုတ်ယူနိုင်သေး၊ ကိုရီးယားသွား ရန် ပတ်စ်ပို့နှင့် ဗီဇာလျှောက်ထားရာတွင် လိမ်လည်မှုတွေ့ရှိက အရေး ယူမည်၊ ရန်ကုန်မြို့တော်တွင် လူသတ်မှုကြောင့် သေဆုံးသူထက် ယာဉ်တိုက်မှု ဖြင့်သေဆုံးသူကပိုများ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အလုပ်နှင့် ပညာရေးလမ်းညွှန် **'စင်ကာပူမှာပညာသင် ဒါတွေသိစေချင်'**နှင့် **'မိတ်ကောင်း ဆွေကောင်းနှင့် လက်ဖက်ရည်ဆိုင်ထိုင်ခြင်း'**၊ **'တာဝန်ဝတ္တရားနှင့်လူ'** ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'အရုပ်သားတွေပဲ ထိခိုက်ခံစားရပါလိမ့်မယ်' ငြိမ်းချမ်းရေး ဈေးစပ်ညှိနှိုင်းသူ ဂျွန်ဟန်ဆန်ဘယ်ယားနှင့် တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့် အတူ အမေရိကန်စီးပွားရေးကျဆင်းမှု စိုးရိမ်ဖွယ်ဖြစ်သည်ဟု အိုင်အမ်အက်ဖ်အကြီးအကဲခန့်မှန်း၊ နိုင်ငံရေးခိုလှုံခွင့် ကောလာဟလများ ထိုင်းအာဏာသိမ်းခေါင်းဆောင် ပယ်ချ၊ တေးဂီတကုထုံးက စိတ်ဝေဒနာရှင်များအတွက် မျှော်လင့်ချက်ဖြစ်စေနိုင်၊ ရုပ်မချောသော်လည်း လင်ယူများတဲ့ ပျိုကညာ၊ ကမ္ဘာလှည့်ခရီးသွားများကို အလှပြုပြင်ပေးခြင်းဖြင့် ကိုရီးယားကဆွဲဆောင်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ရန်ကင်းပညာရေး ကောလိပ်ခန်းမ၌ ဖေဖော်ဝါရီ ၂ရက်က ကျင်းပရာ သဘာပတိ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကို အောင်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ၁၃၆၉ခုနှစ် စာဆိုတော်နေ့သို့ ပေးပို့သည့် မြန်မာနိုင်ငံ စာပေ နှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်ထယ် (ထီလာစိုးမြင့်ထယ်)က ဖတ်ကြားသည်။ ယင်းနောက် စာရေးဆရာ နွမ်ဂျာသိုင်း၊ စာရေးဆရာ ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်းနှင့် အကယ်ဒမီ ဆွေဇင်ထိုက်တို့က စာပေရေးရာများကို ဟောပြောကြသည်။

အခမ်းအနား၌ ၂၀၀၆ခုနှစ်အတွက် အမျိုးသားစာပေ(နိုင်ငံရေးစာပေ) ဆုရ ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း) (မှူးသမိန်)နှင့် ထွန်းဖောင်ဒေးရှင်း ၂၀၀၇ စာပေဆု၊ အတ္ထုပ္ပတ္တိ ဘာသာရပ် (စာမူဆုရ) ဦးလှတိုး(တိုးထက်) တို့အား ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ (တင်အောင်ရွှေ-သုတေသီ) အမှာစကားပြောကြားစဉ်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှ ဒုက္ခသည်များ အသက်ဘေးစိုးရိမ်၍ အိုးပစ်အိမ်ပစ်ပြေးကြရ

နီးဗားရှား(ကင်ညာ) ဖေဖော်ဝါရီ ၂

ကင်ညာနိုင်ငံ နီးဗားရှားမြို့မှ ပန်းစိုက်ပျိုးရေးခြံလုပ်သား ဂျားကော့စ်အိုဝိုးဂါးနှင့်ဆွေမျိုးသားချင်းတစ်စုသည် အကြမ်းဖက်လုယက်သတ်ဖြတ်မှုများကြောင့်နေအိမ် နှင့် အလုပ်အကိုင်ကိုစွန့်၍ အသက်ဘေးလွတ်ရာသို့ ကိုယ်လွတ်ရုန်း ထွက်ပြေးခဲ့ကြရသည်။

၎င်းတို့မိသားစုအား လူရမ်းကားများက လိုက်လံရှာဖွေသဖြင့် မိသားစုလိုက်ပြေးကြရခြင်းဖြစ်သည်။ အမှန်စင်စစ်နီဗားရှားမြို့သည် ပန်းစိုက်ပျိုး၍ ပြည်ပသို့ပန်းများတင်ပို့ကာ စီးပွားဖြစ်နေသော မြို့ဖြစ်သည်။ ကင်ညာတွင်ဖြစ်ပွားသည့် ရွေးကောက်ပွဲလွန်ကာလ ဆူပူမှုများကြောင့် မြို့နေပြည်သူများမှာ စီးပွားပျက်ပြီး အသက်ဘေးအန္တရာယ်နှင့် ကြုံနေကြရသည်။

ပူပင်

အိုဝိုးဂါးသည် ယခုအခါ လုံခြုံရာရဲတပ်ဖွဲ့စခန်းသို့ ရောက်နေပြီဖြစ်၍ အသက်ဘေးအတွက် မစိုးရိမ်ရတော့ပေ။ သို့သော် လုပ်ငန်းခွင်သို့ သွားရန်ပျက်ကွက်နေသည်မှာ ရက်အတန်ကြာပြီဖြစ်၍ အလုပ်ပြုတ်မည်ကို ပူပင်နေရသည်။

၎င်းနှင့်ဘဝတူ နီဗားရှားမြို့သား ၈၀၀၀ ခန့်သည်လည်း အသက်ဘေးစိုးရိမ်ရ၍ ရဲတပ်ဖွဲ့စခန်းအနီးတွင် ဖြစ်သလိုတဲထိုးကာ ခိုလှုံနေကြရသည်။ အေးချမ်းသော ရစ်ဖ်ဗယ်လီဒေသ နီဗားရှားမြို့ကလေးမှာ ဇန်နဝါရီ ၂၇ ရက်ကတည်းကစ၍ ကူးစက်လာသော ဆူပူရမ်းကားမှုများကြောင့် ယနေ့အထိဆိုလျှင် သေဆုံးရသူပေါင်း ၄၀ ကျော်ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကင်ညာနိုင်ငံတွင် ဖြစ်ပွားနေသော မငြိမ်မသက်မှုများကြောင့် နီဗားရှားမြို့မှ အိုးအိမ်များ စွန့်ခွာထွက်ပြေးကြရသူအချို့အား ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ပိုပိုကာတက်မီးတောင် ထပ်မံလှုပ်လာ

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁

ပိုပိုကာတက်မီးတောင်သည် ဇန်နဝါရီ ၂၈ ရက်က အကြိမ်များစွာလှုပ်ပြီး ချော်ရည်များစီးဆင်း၍ ပြာမှုန်များလည်း မီတာ ၃၂၀၀အမြင့်အထိမှုတ်ထုတ်လျက်ရှိကြောင်း မက္ကဆီကိုနိုင်ငံ အမျိုးသားဘေးအန္တရာယ် ကာကွယ်ရေးဌာနက ပြောကြားသည်။ အဆိုပါ မီးတောင်သည် မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၇၀ အကွာတွင် တည်ရှိသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း စုစုပေါင်း ၁၃ ကြိမ် ပေါက်ကွဲခဲ့ကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးဌာန၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာ၌ ဖော်ပြသည်။

လာမည့်ရက်အနည်းငယ်အတွင်း ကြီးမားသော ပေါက်ကွဲမှု ဖြစ်ပေါ်လာနိုင်ပြီး မီးတောင် ဝအနီးတွင်လည်း အသေးစားပေါက်ကွဲမှုဖြစ်နိုင်သည်ဟု သတိပေးချက်ထုတ်ပြန်ထားသည်။

ပိုပိုကာတက်မီးတောင်သည် အမြင့် ၅၄၅၂ မီတာရှိပြီး မီးတောင်တွင်းဝအနက်မှာ မီတာ ၂၅၀ မှ ၄၅၀ အထိရှိသည်။ မီးတောင်၏ အမည်မှာ အေ့ဇ်တက်ဘာသာ စကားအရ မီးခိုးများထွက်သောတောင်ဟု အဓိပ္ပာယ်ရသည်။ ယင်းမီးတောင်သည် ၁၉၉၄ခုနှစ်က လှုပ်ခဲ့ပြီးနောက် အချိန်အတန်ကြာ ငြိမ်သက်နေရာမှ ယခုထပ်မံလှုပ်လာခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဂျင်တီးနား၌မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အရေးပေါ်အခြေအနေထုတ်ပြန်

ဗျူနိုအေရီး ဖေဖော်ဝါရီ ၂

အာဂျင်တီးနားနိုင်ငံ ဆယ်တာဒေသမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုဖြစ်ပေါ်သောကြောင့် ဒေသအများအပြားကို ဇန်နဝါရီ ၃၁ ရက်က အရေးပေါ်ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ရီဗာဒါဗီးယား၊ ဘန်ဒါနော်တီနှင့် ရီဗာဒါဗီးယားဘန်ဒါဆာဒေသတို့တွင် နေထိုင်သူများမှာ ရေမသန့်ရှင်းမှုများနှင့် ကြုံတွေ့နေရသဖြင့် ၎င်းဒေသနေ ပြည်သူများကို အကူအညီပေးရန် အာဂျင်တီးနားကျန်းမာရေးဝန်ကြီးက အမိန့်ထုတ်ပြန်ထားသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပီလ်ကိုမာယိုမြစ်အနီး နေထိုင်သည့် မိသားစုများမှာ မြစ်ရေလျှံမှုကြောင့် ရေလွှမ်းမိုးမှုနှင့် ရင်ဆိုင်နေရသည်။

အာဂျင်တီးနားနိုင်ငံ မြောက်ပိုင်းတွင် မိုးရွာသွန်းမှု လျော့ကျသွားမည်ဟု မိုးလေဝသဌာနက ပြောကြားသည်။ ထို့အပြင် အိမ်နီးချင်းနိုင်ငံ ဘိုလီးဗီးယားတွင် ရေလွှမ်းမိုးမှုကြောင့် ၃၄ဦး သေဆုံးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကမ္ဘာ့သံမဏိအများဆုံးထုတ်လုပ်သူအဖြစ် တရုတ် ဆက်လက်တည်ရှိ

ပေကျင်း ဖေဖော်ဝါရီ ၁

တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်က သံမဏိထုတ်လုပ်သော ကမ္ဘာ့နံပါတ်တစ်နိုင်ငံနေရာတွင် ဆက်လက်တည်ရှိနေကြောင်း၊ ကမ္ဘာ့သံမဏိ ထုတ်လုပ်မှု၏ လေးပုံတစ်ပုံကျော်ကို တရုတ်နိုင်ငံက ထုတ်လုပ်လျက်ရှိကြောင်း တရုတ်နိုင်ငံ သံနှင့်သံမဏိလုပ်ငန်းအဖွဲ့ (စီအိုင်အက်စ်အေ)က ပြောကြားသည်။ တရုတ်နိုင်ငံသည် ၂၀၀၇ ခုနှစ်တွင် သံမဏိတန် ၇ ဒသမ ၂ သန်းထုတ်လုပ်ခဲ့ပြီး ကမ္ဘာ့သံမဏိ ထုတ်လုပ်မှုတန် ၂၈ သန်း၏ လေးပုံတစ်ပုံကျော်ကို တရုတ်နိုင်ငံမှထွက်ရှိသည်။ ၂၀၀၆ ခုနှစ်တွင်ကမ္ဘာ့အကြီးဆုံးသံမဏိထုတ်လုပ်သူ ဂျပန်နိုင်ငံကို တရုတ်နိုင်ငံက ကျော်တက်သွားခဲ့သည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်က သတ္တုစပ်သံမဏိထုတ်လုပ်မှု တန်ချိန် ၁၆ ဒသမ ၆ သန်းရှိပြီး တစ်နှစ်ပြီးတစ်နှစ် သတ္တုစပ်သံမဏိထုတ်လုပ်မှု ၂၁ ဒသမ ၇၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖေဖော်ဝါရီ ၁ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်ဈေး၌ ဗုံးပေါက်ကွဲမှု သေဆုံးသူ ၉၉ အထိတိုးမြင့်လာ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ တိရစ္ဆာန်ဈေးနှစ်ဈေး၌ သောကြာနေ့က ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးရသူ စုစုပေါင်းဦးရေသည် ၉၉ ဦးအထိမြင့်တက်လာကြောင်း ဖေဖော်ဝါရီ ၂ ရက်တွင် ထွက်ပေါ်လာသည့် ရဲတပ်ဖွဲ့သတင်းက ဖော်ပြသည်။

ဘဂ္ဂဒက်တွင် ၂၀၀၇ ခုနှစ် ဧပြီလအတွင်းက လူအများအပြား သေဆုံးရသော တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်ပြီးလျှင် ယခုသောကြာနေ့ဗုံးကွဲမှုသည် အဆိုးရွားဆုံးပင်ဖြစ်သည်ဟုဆိုသည်။

မြို့တော်၏ အလယ်ရှိ ဂါဇီးလ်တိရစ္ဆာန်ဈေး၌ ပေါက်ကွဲသောဗုံးသည် အမျိုးသမီး ဖောက်ခွဲရေးသမား၏ လက်ချက်ဖြစ်ပြီး ၆၂ ဦး သေဆုံးကာ ၈၈ ဦး ဒဏ်ရာရရှိသွားသည်။ဖောက်ခွဲမည့် ဗုံးကို စိတ်မမှန်သော အမျိုးသမီး၏ ကိုယ်၌ ဝတ်ဆင်ပေးကာ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း သတင်းတစ်ရပ်က ဖော်ပြသည်။

ထိုနေ့က ပထမဗုံးကွဲပြီး မိနစ်အနည်းငယ်အတွင်း၌ပင် ဘဂ္ဂဒက်တောင်ပိုင်းရှိ တိရစ္ဆာန်ဈေး၌ ဒုတိယဗုံးတစ်လုံး ထပ်မံပေါက်ကွဲသည်။ ထိုဗုံးကြောင့် ၃၇ဦး သေဆုံးပြီး ၅၇ ဦး ဒဏ်ရာ ရကြောင်း ရဲတပ်ဖွဲ့သတင်းက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၌အမေရိကန် တပ်ဖွဲ့ဝင်သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံတွင် ဇန်နဝါရီ၃၁ ရက်က ပစ်ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

နိုင်ငံရပ်ခြား စစ်ဆင်ရေးအတွက် ဖွဲ့စည်းထားသည့် တပ်မ အေ–၃၁၆ မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။ အခင်းဖြစ်ပွားသည့်နေရာ အတိအကျကို ဖော်ပြခြင်းမရှိပေ။ သို့သော်လည်း ယင်းတပ်ဖွဲ့၏ တာဝန်ထမ်းဆောင်ရာဒေသသည် ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ဖြစ်သည်ဟုဆိုသည်။

ယင်းနေ့ စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့တွင် မော်တော်ယာဉ်ဖြင့်ကင်းလှည့်စဉ် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ ဝင်တစ်ဦးသေဆုံးခဲ့သည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ အီရတ်၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၉၄၀ ရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်ရှိ ရေနံတွင်းတစ်တွင်းကို ဇန်နဝါရီ ၃၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

အမေရိကန် အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် ကယ်လီဖိုးနီးယားပြည်နယ်သည် အရေးပါဟုဆို

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၃

ကယ်လီဖိုးနီးယားပြည်နယ်သည် အမေရိကန်နိုင်ငံ၏ အကြိုအခြေခံသမ္မတလောင်းရွေးပွဲတွင် အရေးပါသော ပြည်နယ်တစ်ခုအဖြစ်ပါဝင်နေကြောင်း ပြည်နယ်၏အုပ်ချုပ်ရေးမှူး အာနိုးရှွာဇင်နက်ဂါက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားသည်။

အိမ်ဖြူတော်တွင် တာဝန်ယူနိုင်ရေးအတွက် ယှဉ်ပြိုင်ကြသည့်ပြိုင်ပွဲတွင် မိမိ၏ပြည်နယ်ဖြစ်သော ကယ်လီဖိုးနီးယားပြည်နယ်သည် ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်နေသည်ဟု အာနိုးက ရေဒီယိုမှပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။ သို့ဖြစ်၍ အကြိုသမ္မတလောင်းရွေးပွဲတွင် ပါဝင် ယှဉ်ပြိုင်သူများသည် ကယ်လီဖိုးနီးယားပြည်နယ်သားတို့၏ မဲကိုရရှိရန် အပြင်းအထန် ကြိုးစားနေကြခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်တို့ အခေါ်အရ မဲပေးရွေးချယ်ကြမည့် လာမည့် ဖေဖော်ဝါရီ ၅ရက်သည် တကယ့်နေ့ ဆူပါအင်္ဂါနေ့ ပင်ဖြစ်သည်ဟုဆိုသည်။ ရီပတ်ဘလီကန်သမ္မတလောင်း ယှဉ်ပြိုင်သူများအတွက် စကားစစ်ထိုးပွဲကို ဆီမီးဗယ်လီရှိ သမ္မတရီဂင် စာကြည့်တိုက်တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသည်။ ယင်းစကားစစ်ထိုးပွဲသို့ ရှွာဇင်နက်ဂါလည်း ပါဝင်တက်ရောက်သည်။

နောက်တစ်နေ့ ကြာသပတေးနေ့တွင် ဒီမိုကရက်တစ်သမ္မတလောင်းများအတွက် စကားစစ်ထိုးပွဲကိုလည်း လော့စ်အိန်ဂျလိစ်၌ကျင်းပသည်။ ***အမ်အင်အေ၊ ဆင်ပွာ။***

ကယ်လီဖိုးနီးယားဒေသသည် အမေရိကန်သမ္မတလောင်းရွေးပွဲ၌ အရေးပါကြောင်းပြောကြားသူ အာနိုးရှွာဇင်နက်ဂါ။ *(ဓာတ်ပုံ-အင်တာနက်)*

ပြင်သစ်သမ္မတနှင့် စူပါမော်ဒယ်ဘရူနီ လက်ထပ်ကြပြီ

ပါရီ ဖေဖော်ဝါရီ ၂

ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီသည် စနေနေ့က ယခင်အီတလီစူပါမော်ဒယ် ကာလာဘရူနီနှင့် သီးသန့်ပြုလုပ်သည့် မင်္ဂလာပွဲတွင် လက်ထပ်လိုက်ကြပြီဖြစ်သည်။

သတို့သားမှာ (၅၃)နှစ် ရှိပြီဖြစ်ပြီး သတို့သမီးမှာ အသက်(၄၀)အရွယ်ရှိသူဖြစ်သည်။ ၎င်းတို့သည် တွေ့ဆုံကြချိန် သုံးလမပြည့်မီမှာပင် လက်ထပ်လိုက်ကြခြင်းဖြစ်သည်။

အကြင်လင်မယားအဖြစ် လက်ထပ်ခဲ့ပြီဖြစ်ကြောင်းကို ဆွေမျိုးသားချင်းညှိသည် ၂၀ခန့်ရှေ့တွင် ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက ကြေညာခဲ့သည်။ ထိုမင်္ဂလာပွဲကို အယ်လ်ဆီနန်းတော်၌ ကျင်းပခြင်းဖြစ်သည်။

မင်္ဂလာပွဲတွင် သတို့သမီးသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားကြောင်း၊ ၎င်းတို့နှစ်ဦးစလုံးမှာ စိတ်လှုပ်ရှားနေသည့် သွင်ပြင်ကိုတွေ့ရကြောင်း မင်္ဂလာပွဲတက်ရောက်ခဲ့သူ ပါရီမြို့တော်ဝန် ဖရန်ကိုစ်စ်လီဆယ်လ်က ပြောကြားသည်။

ယခု အိမ်ထောင်သည် သမ္မတဆာကိုဇီအတွက် တတိယအိမ်ထောင်ဖြစ်ပြီး ဘရူနီအတွက် ဒုတိယအိမ်ထောင်ဖြစ်သည်။ ***အင်တာနက်။***

ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီနှင့် စူပါမော်ဒယ်ကာလာဘရူနီတို့ကို လက်မထပ်မီ ဇန်နဝါရီလအတွင်းက ဂျော်ဒန်နိုင်ငံသို့ သွားရောက်စဉ်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ထိုင်းညွန့်ပေါင်းအစိုးရအဖွဲ့ ပါတီငယ်နှစ်ခု ရွေးကောက်ပွဲကော်မရှင်၏ အရေးယူခံရဖွယ်ရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၃

ထိုင်းနိုင်ငံတွင် မကြာသေးမီက ညွန့်ပေါင်းအစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ထိုအစိုးရအဖွဲ့အတွင်း ပူးပေါင်းပါဝင်သော ပါတီငယ်နှစ်ခုသည် ရွေးကောက်ပွဲကာလအတွင်း တရားမဝင်သောလုပ်ရပ်လုပ်သည်၊ မဲဝယ်ယူသည် ဆိုသော စွပ်စွဲချက်များကြောင့် ရွေးကောက်ပွဲကော်မရှင် (အီးစီ)၏ အရေးယူခံရဖွယ်ရာရှိနေသည်။

အရေးယူခံရဖွယ်ရာရှိသည့် ပါတီနှစ်ခုမှာ မတ်ချီမတ်သီပတ္တရာပါတီနှင့် ချတ်ထိုင်းပါတီတို့ဖြစ်သည်။ ထိုပါတီများအား ရွေးကောက်ပွဲဥပဒေအရ ဖျက်သိမ်းခြင်းပြုရန် ဆုံးဖြတ်မည်၊ မဆုံးဖြတ်မည်ဆိုသောကိစ္စကို လာမည့်သီတင်းနှစ်ပတ်အတွင်း ဆုံးဖြတ်ရန်ရှိသည်ဆိုသောသတင်းကို အီးစီကော်မရှင်နာ ဆောဒ်ဆရီဆတ္တရာသမ်၏ ပြောကြားချက်ကို ကိုးကား၍ ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြသည်။

မတ်ချီမတ်သီပတ္တရာပါတီ၏ ရွေးကောက်ပွဲနှင့် မညီဟုဆိုသော တိုင်ချက်ကို စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့က ဆုံးဖြတ်ပြီးနောက် တစ်ပါတီ၏ကိစ္စကို နောက်စစ်ဆေးရေး အဖွဲ့တစ်ဖွဲ့က ဆုံးဖြတ်မည်ဆိုလျှင် ဆုံးဖြတ်ချက်များတွင် ကွဲလွဲမှုများရှိနိုင်ပြီး ရှုပ်ထွေးမှုများရှိနိုင်ကြောင်း ဆောဒ်ဆရီက ပြောကြားသည်။

ထိုင်းနိုင်ငံ ရွေးကောက်ပွဲသည် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ပြီးခဲ့သည်။ ထိုစဉ်က မဲဝယ်သည်ဆိုသောပြစ်ချက်ကြောင့် မတ်ချီမတ်သီပတ္တရာပါတီမှ ဒုတိယခေါင်းဆောင် ဆွန်သွန်ဝီလာဝန်မှာ ပါလီမန်အမတ်အဖြစ်မှ ပယ်ဖျက်ခံခဲ့ရသည်။

အမ်အင်အေ၊ဆင်ပွာ။

တရုတ်နိုင်ငံ နှင်းမုန်တိုင်းဒဏ်ခံ ဒေသများသို့ အထက်တန်းခေါင်းဆောင်များ သွားရောက်အားပေး

ပေကျင်း ဖေဖော်ဝါရီ ၃

တရုတ်ကွန်မြူနစ်ပါတီကိုယ်စား ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဟူကျင်တောင်နှင့်အဖွဲ့သည် ဆီးနှင်းမုန်တိုင်းဒဏ် ဆိုးဆိုးရွားရွား ခံစားနေရသည့် ဟူဘေးပြည်နယ်ရှိ ပြည်သူများထံသွားရောက်၍ အားပေးစကား ပြောကြားခဲ့သည်။

အထွေထွေအတွင်းရေးမှူး၏ ခရီးစဉ်ကို ဇန်နဝါရီ ၃၀ ရက်ကတည်းက စတင်ခဲ့ခြင်းဖြစ်သည်။ ထိုခရီးစဉ်တွင် အထက်တန်းအာဏာပိုင် လီချန်ဟွန်လည်း လိုက်ပါသွားသည်။

၎င်းသည် ပြည်နယ်မြို့တော် ဝူဟန်ရှိ ဘူတာရုံများနှင့် ဘတ်စ်ကားစခန်းများသို့ သွားရောက်ကာ ထွက်ခွာမည့်ရထားနှင့် ကားများကို စောင့်ဆိုင်းနေသည့် ခရီးသည်များနှင့် တွေ့ဆုံခဲ့သည်။ ပြည်သူများ၏ အခက်အခဲကိုဖြေရှင်းပေးရန် ပါတီဗဟိုကော်မတီနှင့် ပြည်နယ်အာဏာပိုင်များ ကြိုးပမ်းလျက်ရှိကြောင်း အသိပေးပြောကြားခဲ့သည်။

ထို့ပြင် ပေကျင်း-ဇူဟိုင်းအဝေးပြေးလမ်းမ အကောက်ဂိတ်၌လည်း ဝန်ထမ်းများအား ဒုက္ခသည်များကို ကိုယ်ချင်းစာနာရန်၊ ကယ်ဆယ်ရေးပစ္စည်းများ သယ်ပို့ရာ၌ ချောမွေ့စွာရောက်ရှိရေးကူညီရန် လီကမှာကြားခဲ့သည်။ လောလောဆယ် ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းများမှာ ခရီးသည်များ အဆင်ပြေနိုင်ရေး စီစဉ်ရန်၊ ကျောက်မီးသွေးသယ်ယူပို့ဆောင်ရေး ချောမွေ့ရန်နှင့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး ဆောင်ရွက်ရန်ပင်ဖြစ်ကြောင်း ညွှန်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ပွာ။

ပါကစ္စတန်၌ ဒုံးကျည်ဖြင့်ပစ် စစ်သွေးကြွများ သေဆုံး

ပက်ရှဝါ(ပါကစ္စတန်) ဖေဖော်ဝါရီ ၂

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဝါဇီရစ္စတန်ဒေသသို့ အမေရိကန်၏ တိုက်ခိုက်မှုဟုယူဆရသော ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် နိုင်ငံခြားသား စစ်သွေးကြွ ၁၃ ဦး သေဆုံးသွားကြောင်း ဒေသခံ လူမျိုးစုများထံမှလာသော သတင်းက ဖော်ပြသည်။

တနင်္လာနေ့က မီယာအလီမြို့အနီးရှိ ဘိုခါလီရွာ အိမ်တစ်လုံးကို ထိမှန်သဖြင့် ၁၀ ဦး သေဆုံးသွားကြောင်း ကနဦးသတင်းက ဖော်ပြသည်။ သို့သော် ဒေသခံများထံမှ စုဆောင်းရရှိသော သတင်းများအရမူ အာရပ်လူမျိုး ခုနစ်ဦးနှင့် အခြားအာရှသား ခြောက်ဦးတို့ သေဆုံးကြောင်း သိရသည်ဟု ဆိုသည်။

အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီး ပျံသန်းနေသော လူလိုက်ပါခြင်းမရှိသည့်အမေရိကန်တို့၏ ထောက်လှမ်းရေးလေယာဉ်မှ ပစ်ခတ်လိုက်ခြင်း ဖြစ်နိုင်သည်ဟု ပါကစ္စတန် ထောက်လှမ်းရေး အရာရှိက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ ဆင်ခြေဖုံးရှိ တင်လေပတ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား၍ ငါးဦးသေဆုံးသွားရသော လိန်းဘရိုင်ရင်စတိုးဆိုင်ကို ဖေဖော်ဝါရီ ၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချီကာဂို ဈေးဆိုင်အတွင်း ပစ်ခတ်မှု ငါးဦးသေဆုံး

ချီကာဂို ဖေဖော်ဝါရီ ၃

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ ဆင်ခြေဖုံးဒေသရှိ ကုန်ပဒေသာဆိုင်၏ ဆိုင်ခန်းတစ်ခုအတွင်း၌ ဖေဖော်ဝါရီ ၂ ရက်က ပစ်ခတ်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

စမ်းချောင်းဘေးရှိ ကုန်ပဒေသာဆိုင်၏ လိန်းဘရင့်အဝတ်အထည် အရောင်းဆိုင်တစ်ခုအတွင်း လူတစ်ယောက်က သေနတ်ဖြင့်ပစ်ခတ်ကြောင်း ချီကာဂိုမြို့ အနောက်တောင်ဘက် တန်လေပန်းခြံရှိ ရဲတပ်ဖွဲ့က ပြောကြားသည်။ ပစ်ခတ်မှုသည် ဓားပြတိုက်ရာမှ စတင်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

သေနတ်ဖြင့်ပစ်ခတ်သူသည် ထွက်ပြေးလွတ်မြောက်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

သွားရောက်အားပေး

တရုတ်နိုင်ငံတွင် ရာသီဥတုဆိုးရွားနေသဖြင့် ဟူဘေးပြည်နယ် ဝူဟန်မြို့ ဟန်ကောင်းဘူတာ၌ သောင်တင်နေသော ခရီးသည်များအား တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင် လီချိန်ချောင် သွားရောက်အားပေးစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ခွင့်တူညီမျှ ဝါဒဖြူစင် ထာဝရချမ်းမြေ့ကြည်လင်နေမည့် အမိမြေ

စိုင်းသီဟ

"ပြည်နယ်၊ တိုင်း ၁၄ ခုလုံး၌ နေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူအားလုံးသည် ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမများဖြစ်ကြရာ တစ်ဦးချမ်းသာ ကျန်းမာသလို တစ်ဦးကိုလည်း ချမ်းသာကျန်းမာအောင် လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် မိဘသဖွယ် မိမိ၏ သွေးသားများဖြစ်သည့် တိုင်းရင်းသားများ ကောင်းစားရေး၊ ယင်းတို့၏ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ အားလုံးသည် ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်လျက်ရှိကြသည့် မြန်မာတိုင်းရင်းသားများဖြစ်ရာ မည်သည့်တိုင်းရင်းသား သားသမီးကိုမဆို သာစေနာစေဟူ၍ မရှိဘဲ သားသမီးအားလုံးကို ဆင်စီးမြင်းရံစေချင်သည်မှာ အမှန်ပင် ဖြစ်သည်။

မိမိတို့နိုင်ငံ၏ အကျယ်အဝန်း၊ သယံဇာတနှင့်လူဦးရေ အနေအထားအရ မိမိတို့ တိုင်းရင်းသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ပါက မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ထိပ်တန်းနိုင်ငံ ဖြစ်လာနိုင်မည်ဖြစ်သည်။"

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၂၀၀၂ ခုနှစ် ဧပြီလ ရှမ်းပြည်နယ်ခရီးစဉ်အတွင်း မိန့်ကြားခဲ့သည့် ဩဝါဒအမှာစကားမှ-)

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုပေါင်း(၁၀၀)ကျော်ဖြင့် ပေါင်းဖွဲ့စုစည်း တည်ဆောက်ထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ မိသားစုနိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်၏ အခြေခံအဓိကကျသည့် အင်အားသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အင်အားပင်ဖြစ်သည်။

ထိုစည်းလုံးညီညွတ်မှုအင်အားဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့သည် ရှေးနှစ်ပေါင်း ထောင်ချီကတည်းကပင် အမိနိုင်ငံတော်ကို တည်ထောင်ခဲ့ကြသည်။ အမိမြေကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ တိုင်းပြည်နှင့်လူမျိုး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှု ဖော်ဆောင်ခဲ့ကြသည်။

မြန်မာ့သမိုင်းစဉ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးသည့်အခါတိုင်း တိုင်းပြည်သာယာဝပြောတိုးတက်ရေး ထိခိုက်ပျက်ပြားခဲ့ရပြီး ပြည်ထောင်စုကြီးပြိုကွဲမည့် အန္တရာယ်နှင့်ပါ ရင်ဆိုင်ခဲ့ရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲအားကောင်းသည့်အခါတွင် အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ဝင့်ထည်စွာ ရပ်တည်လာနိုင်ခဲ့သည်။

ယနေ့မျက်မှောက်ခေတ်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သွားရန် အတွက်လည်းကောင်း၊ နိုင်ငံတော်တွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားရန်အတွက်လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်သွားရန်အတွက်လည်းကောင်း လိုလားတောင့်တ ဆန္ဒပြုလျက်ရှိနေကြပေသည်။

တိုင်းရင်းသားပြည်သူတို့၏ အဆိုပါလိုအင်ဆန္ဒနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖွဲ့စည်းတည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ် လိုအပ်လာခဲ့သည်။ နိုင်ငံတော်၏ ခေတ်ပြောင်း စနစ်ပြောင်း အသွင်ကူးပြောင်းမှုကို တာဝန်ယူထားသော တပ်မတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲနိုင်ရေးအတွက် လိုအပ်သော အခြေခံမူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကို ဒေသပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူမျိုးပေါင်းစုံမှ တိုင်းရင်းသား ကိုယ်စားလှယ်များဖြင့် အောင်မြင်စွာ ကျင်းပပေးခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသားပြည်သူများကလည်း အမျိုးသားညီလာခံကြီးနှင့် ပေါ်ပေါက်လာမည့် အခြေခံ ဥပဒေသစ်ကြီးဆိုပွဲ အခမ်းအနားများကို ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တစ်ခဲနက်ကျင်းပပြီး အားပေး ထောက်ခံခဲ့ကြသည်။ ယင်းကြိုဆိုထောက်ခံအားပေးမှုများကို လေ့လာဆန်းစစ်သည့် အခါတွင် **"တိုင်းရင်းသား ပြည်သူအားလုံးသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြသူများဖြစ်ရာ တစ်ဦးအပေါ်တစ်ဦး မည်သူ့ကိုသာစေ၊ မည်သူ့ကိုနာစေ ဆိုသည့်စိတ်ဓာတ်မျိုးမထားရှိဘဲ တစ်ပြင်တည်းသောအမိမြေ၊ တစ်ခုတည်းသော အမိနိုင်ငံတော်ကြီးကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြမည်၊ ပြည်ထောင်စု ပြိုကွဲမည့်အန္တရာယ် မကျရောက်စေရန် လက်တွဲမဖြုတ်စတမ်း ကာကွယ်စောင့်ရှောက်ကြမည်ဟူသည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ကို တစ်စိတ်တစ်ဝမ်းတည်း မွေးမြူထားရှိကြောင်း"** ပေါ်လွင်ထင်ရှားနေပေသည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက ညှိနှိုင်းချမှတ်ခဲ့သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာဆန်းစစ်ကြည့်ရာတွင် တိုင်းရင်းသားလူမျိုးများ၏အရေးနှင့်ပတ်သက်၍ ပြည်ထောင်စုသားအားလုံး ခွင့်တူညီမျှရရှိစေရန်အတွက် အတတ်နိုင်ဆုံး ဖြည့်ဆည်းဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရပေသည်။ နှိုင်းယှဉ်၍ ဖော်ပြရလျှင် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထက်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက် လည်းကောင်း တိုင်းရင်းသားလူမျိုးများ၏အရေးကို ပိုမိုထူးခြားစွာ ဦးစားပေး အလေးထား ပြဋ္ဌာန်းသွားမည်ဖြစ်သည်ကို တွေ့ရှိရပေသည်။

အမျိုးသားညီလာခံက ညှိနှိုင်းချမှတ်ပေးခဲ့သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ပေါ်ပေါက်လာမည့် အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်မှာ တိုင်းဒေသကြီး(၇)ခု၊ ပြည်နယ်(၇)ခု၊ ပြည်ထောင်စုနယ်မြေ(၁)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း(၁)ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခု ပါဝင်ဖွဲ့စည်း တည်ဆောက်သွားမည်ဖြစ်သည်။

တိုင်းဒေသကြီး(၇)ခုမှာ လက်ရှိတည်ရှိနေသည့် စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ ဖြစ်သည်။

ပြည်နယ်(၇)ခုမှာ လက်ရှိတည်ရှိနေသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့သည် အဆင့်အတန်း တူညီကြသကဲ့သို့ အခွင့်အလမ်းများလည်း တူညီကြသည်။

ပြည်ထောင်စုနယ်မြေအဖြစ် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို သတ်မှတ်ထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို အောက်ပါအတိုင်း သတ်မှတ်ထားသည်-

(၁) စစ်ကိုင်းတိုင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကိုစုစည်း၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၂) ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနု ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊

(၃) ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကိုစုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၄) ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တို့ကို စုစည်းပြီး ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၅) ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကိုစုစည်းပြီး ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊

(၆) ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်နှင့် ပန်ဆန်း(ပန်းခမ်း) မြို့နယ် (၆)မြို့နယ်တို့ကို ခရိုင်(၂)ခရိုင်ဖွဲ့ပြီး 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း။

ယင်းသို့ တိုင်းရင်းသားများ၏အခွင့်အရေးကို ပြည်နယ် (၇)ခုသာမက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများဖြင့် ပိုမိုလမ်းဖွင့်ပေးခဲ့ရာတွင် နောင်တစ်ချိန်၌ အငြင်းပွားဖွယ်ရာများမဖြစ်အောင် အမျိုးသားညီလာခံကိုယ်စားလှယ်များက သတ်မှတ်စံနှုန်း(၃)ရပ် သတ်မှတ်ဖွဲ့စည်းသွားရန် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်း သတ်မှတ်ချက်(၃)ရပ်မှာ အဆိုပါတိုင်းရင်းသားလူမျိုးစုသည် သီးခြား တိုင်းဒေသကြီးနှင့် ပြည်နယ်မရသေးသော တိုင်းရင်းသားများ ဖြစ်ရမည်၊ လျော်ကန်သင့်မြတ်သော လူဦးရေရှိရမည်၊ ထို့အပြင် ယင်းလူဦးရေသည် နယ်မြေတစ်ဆက်တစ်စပ်တည်း နေထိုင်ကြသူများ ဖြစ်ရမည်ဟူသည့် သတ်မှတ်ချက်များပင်ဖြစ်သည်။

ယင်းသည် အမိနိုင်ငံတော်အတွင်း နှစ်ပရိစ္ဆေဒရှည်လျားစွာ အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားများ၏ နယ်မြေတစ်ဆက်တစ်စပ်တည်း တည်ရှိနေထိုင်မှု၊ လျော်ကန်သင့်မြတ်သည့် လူဦးရေရှိမှုတို့ကြောင့် ရသင့်ရထိုက်သော ကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးကို ဖြည့်ဆည်းပေးအပ်ထားခြင်းဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်သည်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းဝိသေသတိုင်း ဟူ၍ ပြည်နယ်(၄)ခုနှင့် ဝိသေသတိုင်း(၁)ခုတို့သာ ရှိခဲ့ခြင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် သိသာထင်ရှားစွာ တွေ့ရှိနိုင်သည့်အချက်မှာ ယခင်ခေတ်များကထက် တိုင်းရင်းသားလူမျိုးစုများ ရသင့်ရထိုက်သည့်အခွင့်အရေး ပိုမိုရရှိလာခြင်းပင်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

မကြာမီပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ပြည်ထောင်စုစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးဖော်ဆောင်ရာတွင် အချုပ်အခြာအာဏာ၏ ခက်မသုံးပြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို တိုင်းရင်းသားလူနည်းစုများပါမကျန် ခွင့်တူညီမျှ ခွဲဝေကျင့်သုံးနိုင်ကြရန် အတွက် ဖော်ဆောင်ပေးထား။

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ထို့အတူ တိုင်းရင်းသားများအနေဖြင့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကိုလည်း ပါလီမန်ဒီမိုကရေစီခေတ်နှင့် ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တို့ထက် ထူးခြားစွာ ပိုမိုရရှိလာကြောင်း လေ့လာတွေ့ရှိနိုင်ပေသည်။

ဥပဒေပြုရေးအာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးရာတွင် ဗဟို၌ ပြည်ထောင်စုလွှတ်တော် (ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်) ဖွဲ့စည်းသွားမည့်နည်းတူ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးကို ဖွဲ့စည်းလျက် ဥပဒေပြုရေးအာဏာများ ခွဲဝေအပ်နှင်းထားသည်။ အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး အဖွဲ့(၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့(၅)ခုတို့ကိုလည်း ဖွဲ့စည်းသွားပြီး ဥပဒေပြုရေးအာဏာခွဲဝေအပ်နှင်းသွားမည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုပုံသဏ္ဌာန်တွင် (၁) ပြည်ထောင်စုလွှတ်တော်၊ (၂) ပြည်သူ့လွှတ်တော်၊ (၃) အမျိုးသားလွှတ်တော်၊ (၄) တိုင်းဒေသကြီးလွှတ်တော် (၇)ခု၊ (၅) ပြည်နယ်လွှတ်တော်(၇)ခု၊ (၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့(၁)ခု၊ (၇) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့(၅)ခုတို့ ပေါ်ပေါက်လာမည်ဖြစ်သည်။

၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဥပဒေပြုအဖွဲ့အစည်းအဖြစ် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်၊ ယင်းလွှတ်တော်နှစ်ရပ် ပေါင်းထားသည့် ပါလီမန်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ကောင်စီတို့သာရှိခဲ့သည်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ဥပဒေပြု အဖွဲ့အစည်းအဖြစ် ပြည်သူ့လွှတ်တော်တစ်ရပ်တည်းသာရှိခဲ့သည်။ သို့ဖြစ်၍ အနာဂတ်နိုင်ငံတော်တွင် ဒီမိုကရေစီနည်းလမ်းတကျဖြင့် တိုင်းရင်းသားအားလုံး ဥပဒေပြုခွင့်အာဏာကို မျှမျှတတ ရရှိလာကြမည်ဖြစ်သည်။

ပြည်သူ့လွှတ်တော်တွင် မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍ လည်းကောင်း ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်ပြီး အမျိုးသားလွှတ်တော်တွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးမှ ဦးရေတူညီစွာ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မည်ဖြစ်သည်။

မြို့နယ်တိုင်းလိုလိုတွင် တိုင်းရင်းသားညီအစ်ကိုများ စုပေါင်းနေထိုင်လျက်ရှိကြသဖြင့် မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း မဲဆန္ဒနယ်များ သတ်မှတ်ရွေးကောက်တင်မြှောက်ခြင်းသည် တစ်နည်းအားဖြင့် ပြည်သူ့လွှတ်တော်တွင် တိုင်းရင်းသားလူမျိုးအများအပြား ပါဝင်ခွင့်ရရှိအောင် ဖော်ဆောင်ပေးထားခြင်းပင်ဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ရာတွင်မူ နယ်မြေအကျယ်အဝန်းနှင့် လူဦးရေအနည်းအများကို အခြေမခံဘဲ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေအညီအမျှ (၁၂)ဦးကျစီ ရွေးကောက်တင်မြှောက်သွားမည်ဖြစ်သည်။ ယင်းသည် တိုင်းဒေသကြီးများနှင့်ပြည်နယ်များ၏အဆင့်အတန်းကို တစ်ညီတည်းဖြစ်အောင် ဖော်ဆောင်ပေးထားခြင်းပင်ဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းမှ တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်မည့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လာမည်ဖြစ်သည်။ ယင်းသို့ မြို့နယ်အလိုက် ဒီမိုကရေစီနည်းလမ်းတကျ ဖော်ဆောင်ပေးထားသည့် အခွင့်အရေးရှိသကဲ့သို့ တိုင်းရင်းသားလူနည်းစုများအတွက် ပေးထားသည့် အခွင့်အရေးများလည်း ရှိနေကြောင်း တွေ့ရှိရသည်။

ဥပမာအားဖြင့် ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများအနေဖြင့် ပြည်နယ်ရရှိပြီးသားဖြစ်သည်။ ထို့အတူ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ 'ဝ' ဟူသည့် တိုင်းရင်းသားများကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း ရရှိလာကြသည်။ ထို့ကြောင့် ရှမ်းပြည်နယ်အတွင်း အဆိုပါ အခွင့်အရေးမျိုး မရရှိကြသေးသည့် ကျန်တိုင်းရင်းသားလူမျိုးများ အနေဖြင့် နိုင်ငံတော်၏ လက်ရှိလူဦးရေ စုစုပေါင်း၏ (၀ဒသမ၁) ရာခိုင်နှုန်းနှင့်အထက်သာ ရှိမည်ဆိုလျှင် ရှမ်းပြည်နယ်လွှတ်တော်အတွက် ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ခွင့်ပြုထားသည်။ ၎င်းပုဂ္ဂိုလ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးဖြစ်လာမည်ဖြစ်သည်။

ယင်းသည် နိုင်ငံ့လူဦးရေ၏ (၀ဒသမ၁) ရာခိုင်နှုန်းနှင့် အထက်ရှိသော ကျန်တိုင်းရင်းသား လူနည်းစုများ မျက်နှာမငယ်ရစေရန်၊ အရေးပါအရာရောက်စေရန်နှင့် ဥပဒေပြုခွင့်၊ အုပ်ချုပ်ခွင့် အခွင့်အရေးများကို အများနည်းတူရရှိစေရန်အတွက် မျှမျှတတ နှိုင်းနှိုင်းချိန်ချိန် ဖော်ဆောင်ပေးထားခြင်းပင်ဖြစ်သည်။

အထက်ပါမူများနှင့် ညီညွတ်သော ကျန်တိုင်းရင်းသားလူမျိုးစုအသီးသီးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ဥပဒေပြုရေးတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရရှိမည့်အပြင် ၎င်းကိုယ်စားလှယ်သည် ထိုတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တွင်လည်း အစိုးရအဖွဲ့ဝင် ဝန်ကြီး ဖြစ်လာလိမ့်ဦးမည်ဖြစ်သည်။ ၎င်းပုဂ္ဂိုလ်သည် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးစု၏ အရေးအရာများကိုဆောင်ရွက်မည့် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

နိုင်ငံတော်၏ ဥပဒေပြုခွင့်အာဏာကို ဗဟိုကသာချုပ်ကိုင်ထားခြင်းမပြုဘဲ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ ခွဲဝေအပ်နှင်းထားသကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများကိုလည်း ခွဲဝေအပ်နှင်းထားသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၏ ဥပဒေပြုရေးအာဏာကို ကျင့်သုံးရန်အတွက် တိုင်း/ဒေသဦးစီးအဖွဲ့များ ဖွဲ့စည်းရာတွင် သီးခြားရွေးကောက်တင်မြှောက်မှု မပြုလုပ်တော့ဘဲ ၎င်းတို့မြို့နယ်များမှ တိုင်းဒေသကြီးလွှတ်တော်/ပြည်နယ်လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်လိုက်သည့် တစ်မြို့နယ် နှစ်ဦးကျ လွှတ်တော်ကိုယ်စားလှယ်များကပင် ဦးစီးအဖွဲ့ဝင်များအဖြစ် တစ်ပါတည်း ဆောင်ရွက်ခွင့်ရရှိကြမည်ဖြစ်သည်။

ဥပမာအဖြစ်ပြောရလျှင် ရှမ်းပြည်နယ်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ပါဝင်သည့် ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့မှ ရှမ်းပြည်နယ်လွှတ်တော်အတွက် တစ်မြို့နယ်လျှင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရမည်ဖြစ်ရာ ထိုပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လေးဦးသည် ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်ကို စုပြီးဖွဲ့စည်းထားသည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဦးစီးအဖွဲ့ဝင်များအဖြစ် အလိုအလျောက် ဖြစ်လာမည်ဖြစ်သည်။ ၎င်းတို့လေးဦးထဲမှ တစ်ဦးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရဦးမည်၊ ထို့ပြင်မကဘဲ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် အဖွဲ့ဝင် ဝန်ကြီးအဖြစ်ပါ ခန့်အပ်ခြင်းခံရဦးမည်ဖြစ်သည်။

ယင်းသို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်(၁၀)ဦးထက်မနည်း ဖွဲ့စည်းရမည်ဟူ၍လည်း အသေးစိတ် အခြေခံရမည့်မူ ချမှတ်ထားပြန်သည်။ ယင်းသို့ချမှတ်ထားခြင်းသည် အဖွဲ့ဝင်(၁၀)ဦးထက် ပို၍ဖွဲ့စည်းနိုင်ကြောင်း ညွှန်ပြထားခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် မှီတင်းနေထိုင်သည့် ဓနုတိုင်းရင်းသားများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် လူဦးရေအနည်းဆုံးတစ်သောင်းနှင့်အထက်ရှိသော တိုင်းရင်းသား လူမျိုးများရှိလျှင် ၎င်းတို့အထဲမှ ကိုယ်စားလှယ်တစ်ဦးကျစီကို ဦးစီးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်ထားသွားနိုင်မည်ဖြစ်သည်။

ယင်းသည် လူဦးရေအနည်းဆုံး တစ်သောင်းကျော်ရှိသည့် ကျန်တိုင်းရင်းသားလူနည်းစုများ အရေးကို အလေးထားပြီး ဒီမိုကရေစီနည်းလမ်းတကျ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအခွင့်အာဏာများ ရရှိအောင် ဖော်ဆောင်ပေးထားခြင်းပင်ဖြစ်သည်။

ဤမျှဆိုလျှင် အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်အဖြစ် တည်ရှိလာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအား လက်ငင်းလက်တွေ့ ပကတိအခြေအနေများအရ အသင့်မြတ်နိုင်ဆုံးဖော်ဆောင်ပေးနိုင်မည့် အခြေခံမူများ၊ အသေးစိတ် အခြေခံရမည့်မူများဖြင့် ရေးဆွဲသွားမည်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းဖော်ဆောင်ကြစမြဲဖြစ်သည်။ သို့ရာတွင် မည်သည့်အခြေခံဥပဒေမျှ လုံးဝဥဿုံ ပြီးပြည့်စုံသည်ဟူ၍မရှိ၊ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ကောင်းသထက်ကောင်းအောင် ထပ်ဆင့်သယ်ပိုးနိုင်ရန်အတွက် အချိန်အခါ အခြေအနေအရပ်ရပ်နှင့် အညီ စုပေါင်းညှိနှိုင်း တိုင်ပင်ဆုံးဖြတ်ပြီး ပြန်လည်ပြင်ဆင် ဖြည့်စွက်ရေးဆွဲရလေ့ရှိကြောင်းလည်း လေ့လာတွေ့ရှိနိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ **မကြာမီပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသော ပြည်ထောင်စုစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်တို့ကို ကျင့်သုံးဖော်ဆောင်ရာတွင် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို တိုင်းရင်းသားလူနည်းစုများပါမကျန် ခွင့်တူညီမျှ ခွဲဝေကျင့်သုံးနိုင်ကြရန်အတွက် ဖော်ဆောင်ပေးထား**ကြောင်း လေ့လာတင်ပြလိုက်ရပေသည်။ ။

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စံပယ်လမ်း တိုက်-၁၈နေ ဦးမြဟန်-ဒေါ်ခင်ဟုန်မိသားစုက ကြေးပြား ၄၅ချပ် တန်ဖိုးငွေကျပ် ၁၁၂၅၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ထံ ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် (၁၄/၂)ရပ်ကွက်၊ မြင်သာမြို့ဦး ဘုန်းတော်ကြီးသင် ပရဟိတကျောင်းအတွက် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် (၁၅)လမ်းနေ ဒေါ်အမာကြည်မိသားစုက ကွယ်လွန်သူ ဦးကျော်ဆွေ (၃)နှစ်မြောက်အတွက် ရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို နာယကဆရာတော် ဦးပညာစာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (၆၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"သံယောဇဉ်ဖြတ်မှ နိဗ္ဗာန်ရ"တရားတော် (အောင်စကြာဆရာတော်အရှင်စန္ဒသိရီ)
၈း၀၅-၂း၀၅	Soccer Update
၈း၂၀-၂း၂၀	ကင်ဆာရောဂါသတိပြုစရာ (ဒေါက်တာသီတာစန်း)
၈း၄၀-၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅-၂း၄၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၉း၀၅-၃း၀၅	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	လူငယ်ထုအကျိုးတစ်ဖက်တစ်လမ်းမှသယ်ပိုးပြည်ခိုင်ဖြိုး
၉း၃၅-၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ကိုချိုလွင်နှင့် တွေ့ဆုံခြင်း)
၁၀း၀၀-၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	ACTIVTIES IN THE CITY
၁၀း၃၀-၄း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်းနာမဖြူနှင့်တွေ့ဆုံခြင်း)
၁၁း၀၅-၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	မြို့မန္တလာရဲ့ မန်းမြန်မာ
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အူမကြီးကင်ဆာနှင့် မစင်အိမ်ကင်ဆာအကြောင်း) (ဒေါက်တာဉာဏ်သိန်းနှင့် တွေ့ဆုံခြင်း)
၁၂း၁၅-၆း၁၅	၂၀၀၅ ခုနှစ် အကယ်ဒမီညမြင်ကွင်းများ (ရုပ်ရှင်ဓာတ်ပုံဆု၊ အမျိုးသမီးဇာတ်ပို့ဆု)
၁၂း၄၅-၆း၄၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ကွာတားဖိုင်နယ်ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Egypt-Angola	Euro Sport (Live)
၃း၀၀	Tunisia-Cameroon	Euro Sport (Live)

✻ ရှေ့ဖုံးမှ

အထွက်ပိုင်းတို့၌ Steel Rib ထောင်ခြင်းလုပ်ငန်းနှင့် ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မဏိပူရရေလှောင်တမံဘက်စုံစီမံကိန်းသည် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ကလေး–ဂန့်ဂေါကားလမ်းပေါ်ရှိ ဆည်တောရွာအနီး မဏိပူရမြစ်ပေါ်တွင် တမံအလျား ၂၄၄၄ ပေ၊ တမံအမြင့် ၅၂၇ ပေရှိသည့် ကျောက်ဖြည့်မြေသားတမံ အမျိုးအစားဖြင့် တည်ဆောက်လျက်ရှိရာ ပြီးစီးပါက ဆည်ရေသောက် ဧက ၅၀၀၀၀ ကို ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ် ရေအားလျှပ်စစ် ၁၉၀၃ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး (၄)မှ ညွှန်ကြားရေးမှူး ဦးဗစ်တာက ပင်မတမံလုပ်ငန်း တည်ဆောက်အကောင်အထည်ဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပင်မတမံ တည်ဆောက်နေမှုနှင့် နေရဋ္ဌရာချောင်းကိုဖြတ်၍ ရေပိုလွှဲတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် နေရဋ္ဌရာချောင်းပေါ်၌ အလျား ၄၇၄၅ ပေ၊ တမံအမြင့် ၁၆၅ ပေရှိသည့် မြေသားတမံပိတ်ကာ ကုန်းချောတမံ သုံးခု ပါရှိမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ဧက ၆၅၀၀ ကို ဆည်ရေပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ် ၂၁ ကီလိုဝပ်နာရီသန်းပေါင်းကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ကလေးမြို့ တပ်နယ်ခန်းမ၌ ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင်ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာရိုဟီသာ ဘိုဂိုလာဂါမာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး တနင်္သာရီတိုင်း မေတ္တာမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ထားဝယ်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်း ထားဝယ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ထားဝယ်ခရိုင် မေတ္တာမြို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကြပြီး ဗိုလ်ချုပ်သာအေးက အမှာစကား ပြောကြား၍ မေတ္တာမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ တိုက်နယ်ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများနှင့် ဆရာ၊ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် တူညီဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးနှင့် တာဝန်ရှိသူတို့က မေတ္တာတိုက်နယ်ဆေးရုံ ဆေး ပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး နှင့် အဖွဲ့ဝင်များသည် မေတ္တာမြို့ အနီးရှိ တနင်္သာရီမြစ်ဖျားအစ ဘန်းချောင်းနှင့် ခမောင်းသွယ်ချောင်း ချောင်းဆုံနေရာသို့ လည်းကောင်း၊ မေတ္တာမြို့ အခြေခံပညာအထက် တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှု အခြေအနေနှင့် စာဖတ်ခန်း၊ ကွန်ပျူတာခန်းတို့ကိုလည်းကောင်း၊ မေတ္တာမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံတည်ဆောက်လုပ်ရေး လုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မေတ္တာမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံမှာ အလျားပေ ၁၂၀၊ အနံ ၁၀၄ ပေနှင့် အမြင့် ၁၃ ပေရှိပြီး ယခုအခါ ၈၀ ဒသမ ၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မေတ္တာမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် မေတ္တာမြို့ တိုက်နယ်ဆေးရုံတွင် ဆေးရုံတက်ရောက်ကုသမှု ခံယူနေကြသော လူနာများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ပြီး သားဖွားခန်းနှင့် ဆေးစတိုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မေတ္တာမြို့ တပ်ဦးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ မေတ္တာမြို့ ရဲစခန်းကိုကြည့်ရှုစစ်ဆေးကာ နယ်မြေအေးချမ်းသာယာရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး နှင့် အဖွဲ့ဝင်များသည် မေတ္တာ– ထားဝယ် ကားလမ်း မိုင်တိုင်အမှတ် ၃၀/၁ နှင့် ၃၀/၂ ၌ အမာခံ ကျောက်ချောလမ်း ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရွှေတိဂုံပုံတူ စေတီတော်အား သွားရောက်ဖူးမြော်ကာ ဂေါပကအဖွဲ့ထံ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဟိန္ဒူသတ္တုတွင်း၌ လာရောက်လုပ်ကိုင်နေသော Myanmar Pongipat Co., Ltd မန်နေဂျင်းဒါရိုက်တာ Mr. Kriangkrai Chavaltanpipat နှင့် အဖွဲ့ဝင်များက ရွှေတိဂုံပုံတူ စေတီတော်၌ ဌာပနာရန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဗိုလ်ချုပ်သာအေးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ရွှေချောင်းကျောင်း ဆရာတော်အား ဖူးမြော်ပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေး သည် မေတ္တာမြို့ တောင်သုံးလုံး ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့ဝင် များအားတွေ့ဆုံပြီး တောင်သုံးလုံး အခြေခံပညာ အထက်တန်းကျောင်းခွဲ သို့ သွားရောက်ကာ ဆရာ၊ ဆရာမ များအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး သည် ထားဝယ်မြို့နယ် ရမ္မဇူကျေးရွာ အနီး မေတ္တာ–တောင်သုံးလုံး– ထားဝယ် ကားလမ်းပိုင်း၌ ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းပေါက်ဖာနေမှုကို ကြည့်ရှု စစ်ဆေးပြီး ထားဝယ်မြို့နယ် ပကာရီ ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဌာနကို လည်းကောင်း၊ ထားဝယ် တက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းကို လည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ထားဝယ်တက္ကသိုလ်ပင်မ ဆောင်သည် အလျား ၅၀၇ ပေ၊ အနံ ၃၀၇ ပေရှိ သံကူကွန်ကရစ် အဆောက်အအုံဖြစ်ပြီး တည်ဆောက်မှု တစ်ခုလုံးမှာ ၉၀ ဒသမ ၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် ဗိုလ်ချုပ်သာအေးသည် ထားဝယ်တပ်နယ်ရိပ်သာ၌ ကျင်းပသည့် တနင်္သာရီတိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး လုပ်ငန်း ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မျက်စိအခမဲ့ ကွင်းဆင်းခွဲစိတ်ကုသမှု လုပ်ငန်းသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ စည်းကမ်းထိန်းသိမ်းရေးဌာန ဌာနကြီးမှူး ဒေါ်မြသီဂီနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်တို့သည် ဇန်နဝါရီ ၂၈ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကျော့ကျော့စံ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ဦးဆောင်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီး ဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေး ရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေ သည့် စစ်တွေ ပြည်နယ်အထွေထွေ ရောဂါကုဆေးရုံကြီး၌ ရခိုင်ပြည်နယ် အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ် ကုသမှုလုပ်ငန်းများကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြသည်။ ယင်းမျက်စိအခမဲ့ ကွင်းဆင်း ကုသမှု လုပ်ငန်းများကို ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာ ကံညွှန့်၊ ပါမောက္ခ ဒေါက်တာ မြအောင်နှင့် ဒေါက်တာ သူဇာဟန်တို့ဦးဆောင်၍ စမ်းသပ် ခွဲစိတ် ကုသပေးခဲ့ကြရာ ရခိုင်ပြည် နယ်အတွင်းရှိ စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ် များမှ မျက်စိဝေဒနာရှင် ပြင်ပလူနာ ၅၁၂၀၊ အတွင်းတိမ်လူနာ ၆၀၃ ဦး တို့အား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသ ပေးခဲ့ပြီး ပါဝါမျက်မှန်၊ နေကာ မျက်မှန်များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပသော မျက်စိဝေဒနာရှင်များ အား အခမဲ့ကွင်းဆင်းကုသမှုအောင်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူ များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့ လှူဒါန်းသော အလှူငွေကျပ် ၁၅ သိန်း ကိုပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့လှူဒါန်းသော အလှူငွေ ကျပ် ၁၅ သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူ များက မျက်စိဝေဒနာရှင်များအတွက် ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ကျင်းပရာ သူငယ်တန်းတွင် ပထမဆုရရှိသော မောင်ထက်ပိုင်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဟားခါးမြို့၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်

နေပြည်တော် ဖေဖော်ဝါရီ ၃

ဟားခါးမြို့၏ဖေဖော်ဝါရီ၃ရက် အနိမ့်ဆုံးအပူချိန် –၆ဒသမ ဝဒီဂရီစင်တီဂရိတ်၊ (၂၁ဒီဂရီ ဖာရင်ဟိုက်)သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀ အတွင်း ယင်းမြို့၏ ဖေဖော်ဝါရီလအတွက် အနိမ့်ဆုံး အပူချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်းဟောင်းမှာ၂၀၀၃ခုနှစ် ဖေဖော် ဝါရီ ၁၆ ရက်တွင် –၄ဒသမ ဝဒီဂရီ စင်တီဂရိတ် (၂၅ဒီဂရီဖာရင်ဟိုက်) ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ ထုတ်ပြန်သည်။

➪ **ပဲမျိုးစုံမှ**

စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကား ပြောကြားပြီး မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကြီးက ပဲနှမ်းထွက်ရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းသည် လာမည့်သက်တမ်းကာလအတွင်း ရှေ့လုပ်ငန်းစဉ်များအဖြစ်"ကျန်ရှိနေသေးသော ပြည်နယ်နှင့်တိုင်းအလိုက် အသင်းခွဲများဖွဲ့စည်းရန်၊ ပဲမျိုးစုံထုတ်ကုန်အရေအတွက် သာမက အရည်အသွေးပါ တိုးတက်ထုတ်လုပ်ရန်၊ ပဲမျိုးစုံနှင့် နှမ်းစိုက်ပျိုးရေး အထူးပြုဇုန်များ ပေါ်ထွက်လာရေးအတွက် အသင်းမှပံ့ပိုးကူညီရန်၊ လက်ရှိရရှိပြီးသော ဈေးကွက်များအပြင် ဈေးကွက်သစ်များသို့ ကြိုးစားတိုးချဲ့တင်ပို့ရန်၊ ယခုလက်ရှိကမ္ဘာ့ဒုတိယအများဆုံးပဲတင်ပို့သည့် နိုင်ငံအဖြစ်မှ ပထမအများဆုံးတင်ပို့သည့် နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်ရေးအတွက် လက်ရှိစိုက်ပျိုးလျက်ရှိသော ပဲမျိုးစုံနှင့် နှမ်းများနေရာတွင် ဒေသနှင့်လျော်ညီသည့် မျိုးကောင်းမျိုးသန့်ပဲများကို အစားထိုးစိုက်ပျိုးရန်"ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အင်တာနက်ကျန်းမာရေးသတင်း

ကလေးဘဝတွင် အာဟာရပြည့်ပြည့်ဝဝ စားသုံးရပါက ကြီးပြင်းသောအခါ ကျန်းမာပွံ့ဖြိုး၍ ဝင်ငွေရဝရာခိုင်နှုန်းပိုရနိုင်

ပါရီ ဖေဖော်ဝါရီ ၃

ကလေးဘဝအရွယ် ငယ်စဉ်အခါက အာဟာရပြည့်ဝစွာ စားသုံးရပါက နောင်ကြီးပြင်းလာသောအခါ အာဟာရပြည့်ဝစွာ မစားသုံးရသူ သက်တူရွယ်တူကလေးနှင့်ယှဉ်လျှင် ပြည့်ဝစွာစားသုံးနိုင်သူက ကောင်းစွာအလုပ်လုပ်နိုင်သည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဝင်ငွေ ၅၀ ရာခိုင်နှုန်းနီးပါးပိုရသည်ကိုလည်း သုတေသီတစ်စုကတွေ့ရှိရကြောင်း ဖေဖော်ဝါရီ ၁ ရက်က ထုတ်ပြန်သော လေ့လာချက်တွင် ဖော်ပြသည်။

ယခင်အခါကပြုလုပ်သော လေ့လာမှုများ၌ ကလေးအရွယ် အာဟာရပြည့်ဝမှုနှင့် ကြီးလာသောအခါ ကုန်ထုတ်နိုင်စွမ်းအားတို့ ဆက်စပ်နေသည်ကို သိခဲ့ရသည်။ ဤနေရာတွင် ကိုယ်ကာယဖွံ့ထွားမှု၊ အရပ်၊ ကိုယ်အလေးချိန်၊ လုပ်နိုင်ကိုင်နိုင်စွမ်းအားနှင့် ကျောင်းတွင်ဆောင်ရွက်နိုင်မှုစသည်များကို တိုင်းတာလေ့လာမှုပြုခြင်းများလည်းပါဝင်သည်။

ဖော်ပြပါလေ့လာတွေ့ရှိချက်များကို ကျန်းမာရေးသိပ္ပံစာစောင် လင်ဆက်(Lancet)တွင် တင်ပြထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကလေးသန်း ၂၀၀ တို့သည် အာဟာရပြည့်ဝစွာမစားသုံးရသဖြင့် ကြီးပြင်းလာသောအခါ စွမ်းဆောင်ရည်နည်းပါးပြီး စီးပွားရေးအရ ဝင်ငွေနည်းပါးသည့်ရလဒ်ကို တွေ့ကြုံဖွယ်ရာရှိသည်ဟုဆိုသည်။

ဥပမာ ကလေးဘဝတွင် သံဓာတ်နှင့်အိုင်အိုဒင်းဓာတ် ပြည့်ဝစွာ မစားသုံးရလျှင် ဖွံ့ထွားမှုနည်းပါးခြင်း၊ ဉာဏ်ရည်မမီခြင်း၊ သွေးအားနည်းရောဂါဖြစ်ခြင်း စသည့် နောက်ဆက်တွဲပြဿနာများကို ကြုံတွေ့ရနိုင်သည်ဟု ဆိုသည်။

ယခုလေ့လာမှုမှာ ၁၉၇၀ပြည့်နှစ်မှစ၍ ပြုလုပ်ခဲ့သော လေ့လာမှုဖြစ်သည်။ ဂွာတီမာလာနိုင်ငံရှိ ရွာလေးရွာမှ ကလေးပေါင်း ၁၄၂၄ဦးကို ကျောင်းနေအရွယ်မှစ၍ အသက် ၂၅နှစ်ကျော်ရောက်သည်အထိ လေ့လာခဲ့ခြင်းဖြစ်သည်။

လေ့လာသူများမှာ အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာမူဝါဒသုတေသနဌာနမှ ပညာရှင် ဂျွန်ဟောဒီနော့သ်နှင့် အဖွဲ့ဖြစ်သည်။ နှစ်ပေါင်းများစွာကြာအောင် ရွာနှစ်ရွာမှ ကျောင်းနေအရွယ်ကလေးများကို အာဟာရပြည့်ဝစွာ ကျွေးခဲ့သည်။ နောက်နှစ်ရွာမှ ကလေးများမှာ ပထမရွာမှ ကလေးများလောက် အာဟာရပြည့်ဝစွာမရရှိခဲ့ပေ။

နောင်ကြီးပြင်းလာသောအခါ ရွာလေးရွာမှ ကလေးများအခြေအနေကို နှိုင်းယှဉ် လေ့လာရာ အာဟာရပြည့်ဝသော ရွာမှကလေးများက ဝင်ငွေ ၄၆ရာခိုင်နှုန်းပိုကောင်းနေသော လုပ်သားများဖြစ်နေကြောင်းကို လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။ ထိုလေ့လာချက်ကို ပညာရှင်များကောက်ချက်ချခဲ့ရာ၌ ငယ်စဉ်က အာဟာရပြည့်ဝစွာစားသုံးရလျှင် ကြီးပြင်းလာသောအခါ ဝင်ငွေကောင်းနိုင်သည်ဟူသော ကောက်ချက်ပင်ဖြစ်သည်။

အင်တာနက်။

ငယ်စဉ်အခါက အာဟာရပြည့်ဝစွာ စားသုံးရလျှင် ကြီးပြင်းလာသောအခါ အလုပ်လုပ်ကိုင်နိုင်စွမ်းပိုလာ၍ ဝင်ငွေလည်းကောင်းနိုင်သည်။

(ဓာတ်ပုံ–အင်တာနက်)

❍ မြန်မာ–ကိုရီးယားမှ

ဘဏ္ဍာ/အခွန်အသင်း – တစ်ဂိုး (ထွန်းထွန်းဝင်း)
အူလ်ဆန်တက္ကသိုလ်အသင်း–တစ်ဂိုး (ဘဏ္ဍာ/အခွန်မှ သူရအောင် ကိုယ့်ဂိုးကိုယ်သွင်း)
ဒိုင်လူကြီး – ဦးလှတင့်

မြန်မာ့လက်ရွေးစင်ဘောလုံးသမားအများစုပါဝင်လာသည့်ဘဏ္ဍာ/အခွန်အသင်းမှာ အူလ်ဆန်အသင်းကို ခြေရည်တူကစားနိုင်ခဲ့ပြီး ဦးဆောင်ဂိုးစတင်သွင်းယူနိုင်သော်လည်း မမျှော်လင့်သောအမှားမှတစ်ဆင့် ချေပဂိုးပြန်ပေးလိုက်ရ၍ သရေကျခဲ့ရခြင်းဖြစ်သည်။ အူလ်ဆန်အသင်းမှာ ချစ်ကြည်ရေးဒုတိယပွဲတွင် ကမ္ဘောဇကိုအရေးနိမ့်ထား၍ ယခုပွဲအနိုင်ရရှိရန် အားထည့်ကစားခဲ့သော်လည်း ဘဏ္ဍာ/အခွန်အသင်း၏ စနစ်တကျဖျက်ထုတ်မှုကို မကျော်လွှားနိုင်ခဲ့သလို အဆုံးသတ်အပိုင်းတွင်လည်းအားနည်းခဲ့ရ၍ သရေရရန်ပင် မနည်းကြိုးစားခဲ့ရသည်။

ယနေ့ပွဲတွင် ဘဏ္ဍာ/အခွန်အသင်းက အောင်အောင်ဦး၊ လွင်ဦး၊ ရန်ပိုင်၊ ကျော်သူရ၊ ထွန်းထွန်းဝင်း၊ စိုးလင်းထွန်း စသည့် အမာခံကစားသမားများကို ပွဲထုတ်ကစားခဲ့ပြီး နာနေသူ အသင်းခေါင်းဆောင် စိုးမြတ်မင်းကိုမူဒုတိယပိုင်းကျမှထုတ်သုံးခဲ့သည်။ ကမ္ဘောဇနှင့်ပွဲတွင် အရန်ကစားသမားအများအပြားကို ပွဲထုတ်ကစားခဲ့သည့် အူလ်ဆန်အသင်းမှာ ယနေ့ပွဲတွင် နိုင်ပွဲပြန်ရရေးအတွက် ဟန်ဝှဒ်၊ မြောင်အင်၊ လီဆောင်ကီစသည့် အမာခံများကိုပွဲစကတည်းက ထုတ်သုံးခဲ့သည်။

ပွဲစကတည်းက နှစ်သင်းစလုံး အားထည့်ကစားကြ၍ ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ ခုနစ်မိနစ်တွင် အူလ်ဆန်တိုက်စစ်မှူး ဟန်ဝှဒ်က စိုးလင်းထွန်းကိုလိမ်ပြီး မနားတမ်းကန်သွင်းရာ အောင်အောင်ဦး ကာကွယ်ပုတ်ထုတ်လိုက်ရသည်။ ဘဏ္ဍာ/အခွန်အသင်းမှာ တောင်ပံနှစ်ဖက်ကို အားပြု၍ အဓိကတိုက်စစ်ဆင်ကစားခဲ့ပြီး ၁၁မိနစ်တွင် ထွန်းထွန်းဝင်းက အဝေးမှ လှလှပပ ကန်သွင်းလိုက်၍ ဘဏ္ဍာ/အခွန် ဂိုးစတင်ရရှိသွားသည်။ ထို့နောက်ပိုင်းတွင် အူလ်ဆန်ကပွဲကို စိုးမိုးလာနိုင်ပြီး ယခင်ပွဲများကညာခြမ်းကိုအားပြုထိုးဖောက်ခဲ့သော်လည်း ယခုပွဲတွင် ဘယ်ခြမ်းကို အားပြုကစားသည်ကို တွေ့ရသည်။ အထူးသဖြင့် တောင်ပံနှစ်ဖက်မှ ဂိုးရှေ့ကန်တင်ပြီး ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း ဘဏ္ဍာ/အခွန်ဂိုးသမား အောင်အောင်ဦးနှင့် နောက်ခံလူများက ကာကွယ်ဖျက်ထုတ်နိုင်ကြ၍ ပထမပိုင်းအပြီးတွင်ဘဏ္ဍာ/အခွန်က တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင်လည်း အူလ်ဆန်က ခြေအသာဖြင့် ဖိကစားနိုင်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်း၏ ခံစစ်ကစားပုံမှာ ပထမပိုင်းကကဲ့သို့ကောင်းမွန်နေသော်လည်း ၁၄မိနစ်တွင် နောက်ခံလူ သူရအောင်နှင့် ဂိုးသမားအောင်အောင်ဦးတို့ နားလည်မှုလွဲပြီး သူရအောင်က ကိုယ့်ဂိုးကိုယ်သွင်းမိသွား၍ ဘဏ္ဍာ/အခွန် ချေပဂိုးပြန်ပေးလိုက်ရသည်။ သရေဖြစ်ပြီး နောက်ပိုင်းတွင်ပွဲမှာ အကြိတ်အနယ်ရှိလာပြီး အူလ်ဆန်အသင်းမှ ဂိုးသွင်းခွင့်အချို့ကို အောင်အောင်ဦး လက်စွမ်းပြကာကွယ်ခဲ့ရသည်။ ပွဲပြီးခါနီးတွင် စိုးမြတ်မင်း အနီးကပ်ကန်ခွင့် ရရှိခဲ့သော်လည်း အူလ်ဆန်ဂိုးသမား ကာကွယ်နိုင်ခဲ့၍ ပွဲအပြီးတွင် တစ်ဂိုးစီ သရေကျသွားသည်။

ဘဏ္ဍာ/အခွန်အသင်းတွင် ဂိုး–အောင်အောင်ဦး၊ နောက်တန်း–ခင်မောင်ထွန်း၊ သူရအောင်၊ မိုးကျော်သူ၊ စိုးလင်းထွန်း၊ အလယ်တန်း–အောင်ကျော်မြင့် (အောင်ကျော်မိုး)၊ ထွန်းထွန်းဝင်း(မြင့်နိုင်)၊ ကျော်ကျော်ခိုင် (စိုးမြတ်မင်း)၊ လွင်ဦး၊ သန်းနိုင်၊ ရှေ့တန်းတွင် ရန်ပိုင်(သိန်းထွန်းဝင်း) နှင့် ကျော်သူရ(ပိုင်စိုး)တို့ ပါဝင်ကစားသွားကြသည်။

ပွဲအပြီးတွင် ဘဏ္ဍာ/အခွန် နည်းပြချုပ်ဦးရဲထွဋ်လေးက"မိမိတို့အသင်း မပေးသင့်သည့် ဂိုးပေးလိုက်ရ၍ သရေကျခဲ့ရကြောင်း၊ အူလ်ဆန်ကစားသမားများမှာ ဘောလုံးကျွမ်းကျင်စွာကစားနိုင်ပြီး Total Football ပုံစံ ကစားနိုင်ကြောင်း၊ အဝေးဘောတွေလည်း ကောင်းပါကြောင်း၊ ဒါ့အပြင် ပယ်နယ်တီစည်းနားတွင်လည်းကစားပုံကောင်း၍ ၂၅ကိုက်အတွင်း အဝင်မခံဘဲ ကစားစေခဲ့ကြောင်း၊ ရန်ပိုင် ဒဏ်ရာရသွား၍ မိမိတို့အသင်း နစ်နာခဲ့ရပါကြောင်း"ပြောကြားသွားသည်။

(ကြေးမုံ)

သတင်းနှင့်ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

အူလ်ဆန်အသင်းအား သရေကစားခဲ့သော ဘဏ္ဍာ/အခွန်အသင်း။

✻ **ကျောဖုံးမှ**

ထိုကျားပေါက်ငယ်လေးမှာ အရိုးမှာပါသော အသားကိုစားနေစဉ် ရုတ်တရက် အသက်ရှူကျပ်သွားပြီး သတိမေ့သွားသည်။

ထိုအဖြစ်ကိုမြင်တွေ့ရသည့်ဘာရာက ကျားလှောင်အိမ်အတွင်းသို့ ဝင်ခွင့်တောင်းခဲ့ပြီး ကျားပေါက်လေး၏ လည်ချောင်းထဲမှ ၁၀စင်တီမီတာခန့်ရှိ အသားစများကိုဆွဲထုတ်ပေးခဲ့သော်လည်း အသက်မရှူနိုင်သေးဘဲဖြစ်နေသည်။

ထို့ကြောင့် ဘာရာသည် ကျားပေါက်လေး၏နှလုံးပြန်ခုန်လာစေရန် ရင်ဘတ်ကိုဖိပေးခြင်းနှင့် အဆုတ်ထဲသို့ လေရောက်အောင် ပါးစပ်ချင်းတေ့၍ အသက်ရှူသွင်းခြင်းကုသနည်းကိုအသုံးပြု၍ အသက်ကယ်ဆယ်ခဲ့သည်။

ထိုသို့ သုံးမိနစ်မှ ငါးမိနစ်ထိကြာအောင်ဆောင်ရွက်ပြီးနောက် ကျားပေါက်လေးမှာ အသက်ရှူနိုင်ပြီး သတိပြန်လည်ရလာကြောင်း ဘာရာကပြောကြားသည်။

ကျားပေါက်လေး၏နာမည်မှာ ဂျိုဟန်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ် ညွှန်ကြားရေးမှူးက ကြေညာပေးခဲ့သည်။ ဂျိုဟန်မှာ အသက်ကယ်ပေးခဲ့သူ ဘာရာ၏သားအမည်ဖြစ်ပြီး ဘာရာကို ဖေဖော်ဝါရီ ၁ရက်က ဂုဏ်ပြုပွဲပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄–၂–၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၈။	International News.
၈း၄၅	၉။	Grammar Made Easy.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)**
၄း၄၅	၄။	အကပဒေသာ
၄း၅၅	၅။	မြန်မာစာ၊ မြန်မာစကား
၅း၁၀	၆။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅း၂၅	၇။	**"ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ" (ကျော်ဇေယျ၊ မေသန်းနု၊ ပန်းဖြူ) [ဒါရိုက်တာ–မောင်မောင်ဦး(စနိုးဝှိုက်)]**
၅း၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၅း၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၅၀	၁၀။	(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၀	၁၂။	မိုးလေဝသအခြေအနေ
၆း၁၅	၁၃။	အလှရှာမယ်၊ လှကမ္ဘာဝယ်
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေ ချစ်သက်တည်" (အပိုင်း–၂၀)**
၇း၄၅	၁၅။	ပြည်ထောင်စု စိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း–၂၂) (ဇာတ်သိမ်းပိုင်း)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဦးအောင်သောင်း မော်ဘီမြို့နယ်အတွင်းရှိ စက်ရုံများကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် အမှတ်(၂)စစ်မှုထမ်းဟောင်း ကျေးရွာ(သဲဖြူ)သို့ ရောက်ရှိပြီး သဲဖြူစစ်မှုထမ်းဟောင်းကျေးရွာ အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် သဲဖြူ စစ်မှုထမ်းဟောင်း ကျေးရွာ အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး သန်းဝင်း(အငြိမ်းစား)က ကျေးရွာဖွံ့ဖြိုး တိုးတက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။ ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် မော်ဘီမြို့နယ်ရှိ မြန်မာ့ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဖိနပ်စက်ရုံ အမှတ်(၁)၏ မော်ဘီစက်ရုံခွဲ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အုတ်စက်ရုံ အမှတ်(၂)၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပလတ်စတစ်စက်ရုံ အမှတ်(၃)နှင့် မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း မီးခံဘိလပ်မြေပြားစက်ရုံ(မော်ဘီ)တို့သို့ရောက်ရှိပြီး စက်ရုံများ၏ ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဖိနပ်စက်ရုံ အမှတ်(၁) ၏ မော်ဘီစက်ရုံခွဲတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီး အပေါ်ထပ်အပြည့် ကြွေပြားခင်းရန်အတွက် အလှူငွေကျပ် ၂၇သိန်းကို (ဈ)ရပ်ကွက်၊ ဧရာ(၂)လမ်းနေ ဘုရားအမကြီး ဒေါ်ညို၊ သမီး မဇင်သန်းသန်းဌေးတို့က ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးဘချိုနှင့် ဦးအုံးမောင်တို့လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့နေ ဦးစောကြိုင်-ဒေါ်ကြင်ဌေး သား၊သမီး၊မြေးတစ်စုတို့က ငွေကျပ်လေးသိန်းကျော်တန်ဖိုးရှိ ရွှေကြယ်သီးနှင့် ငွေများကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဇန်နဝါရီ ၇ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အထက(၁) အားကစားခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသန်းဌေး ဘက်စုံထူးချွန်ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၄၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ရန်ကုန် ဖေဖော်ဝါရီ ၃

၁။ ကမ္ဘာတစ်ဝန်းသို့ ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှု

(က) တိရစ္ဆာန်သို့ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု။ ကြက်ငှက်တုပ်ကွေးရောဂါ H5N1သည် တိရစ္ဆာန်မှလူသို့ ကူးစက်ဖြစ်ပွားသည့် ကူးစက်ရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ ကမ္ဘာနှင့်တစ်ဝန်းရှိ ဥရောပနိုင်ငံ (၂၆)နိုင်ငံ၊ အာဖရိကနိုင်ငံ(၁၁)နိုင်ငံ၊ အရှေ့အလယ်ပိုင်းဒေသ (၇)နိုင်ငံ၊ အာရှဒေသ (၁၇)နိုင်ငံ စုစုပေါင်း (၆၁)နိုင်ငံသို့ ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ကြက်၊ ဘဲ၊ ငှက် ကောင်ရေ သန်း (၂၅၀)ကျော် သေဆုံးဖျက်ဆီး သုတ်သင်ခဲ့ပါသည်။

(ခ) လူသို့ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု။ လူသို့ ကူးစက်မှု အနေဖြင့် (၁-၂-၂၀၀၈)နေ့အထိ ဥရောပ(၂)နိုင်ငံ၊ အာဖရိက(၃)နိုင်ငံ၊ အရှေ့အလယ်ပိုင်း (၁)နိုင်ငံ၊ အာရှ(၈)နိုင်ငံ စုစုပေါင်း (၁၄)နိုင်ငံ ဖြစ်ပွားခဲ့ရာ လူကူးစက်ဦးရေ(၃၅၇)ဦးရှိပြီး (၂၂၅)ဦး သေဆုံးခဲ့ပါသည်။

၂။ မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု

(က) ရောဂါဖြစ်စဉ်

(၁) ပထမအကြိမ်။ ၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၁၃ခုတွင် ဖြစ်ပွားခဲ့ပါသည်။

(၂) ဒုတိယအကြိမ်။ ၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ပြီး ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့အတွင်း မြို့နယ်၁၀ခုတွင် ဖြစ်ပွားခဲ့ပါသည်။

(၃) တတိယအကြိမ်။ ၂၀၀၇ခုနှစ်၊ နိုဝင်ဘာလတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ်(၂)ခုတွင် ဖြစ်ပွားခဲ့ပါသည်။

(ခ) ရောဂါဖြစ်စဉ်အပေါ်ခြုံငုံသုံးသပ်ချက်

(၁) ကြက်ငှက်တုပ်ကွေးရောဂါသည် ဆောင်းရာသီနှင့် ဆောင်းအကုန် နွေအကူးတွင် အများဆုံးကျရောက်ဖြစ်ပွားလေ့ရှိပြီး အခြားရာသီများတွင်လည်း ပြောက်ကျားဖြစ်ပွားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(၂) လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး H5N1, H9N2, H7N7အနက် မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သော ဗိုင်းရပ်(စ်)ပိုးမှာ H5N1ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၃) ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ခဲ့သော နိုင်ငံများ၏ ကြက်ငှက်တုပ်ကွေး ရောဂါပိုး H5N1 ဗိုင်းရပ်(စ်)၏ မျိုးဗီဇဆက်နွှယ်မှု၌ ဇစ်မြစ်အုပ်စုကွဲ Multiple Clades(၉)ခုဖြစ်ပေါ်လာပြီး လူသို့ ကူးစက်သည့် ဇစ်မြစ်အုပ်စုကွဲနှင့် တိရစ္ဆာန်သို့ ကူးစက်သည့် ဇစ်မြစ် အုပ်စုကွဲများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါသည်။

(၄) ဇစ်မြစ်အုပ်စုကွဲအရ စစ်ကိုင်း-မန္တလေး၊ ရန်ကုန်-ပဲခူး၊ မွန်နှင့်ရှမ်း(အရှေ့) နေရာဒေသတို့အတွင်း ကျရောက်ခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး၏ မျိုးဗီဇဇစ်မြစ် အုပ်စုကွဲများ မတူညီသည်ကို ဆန်းစစ်တွေ့ရှိရသဖြင့် ၎င်း(၃)ကြိမ်၏ ရောဂါကျရောက်မှုဖြစ်စဉ်၌ ပြည်တွင်း၌ ဖြစ်ခဲ့ဖူးသော ရောဂါပိုးမှ ကူးစက်ခဲ့ခြင်း မဟုတ်ဘဲ နိုင်ငံ၏ပြင်ပမှ ဝင်ရောက်ကူးစက်ကြောင်း သုံးသပ်ရပါသည်။

(၅) မြန်မာနိုင်ငံအတွင်း ရောဂါဖြစ်ပွားစဉ်အား ခြုံငုံသုံးသပ်ပါက ကမ္ဘာ့အအေးပိုင်းဒေသများမှ ရောက်ရှိလာသော ဆောင်းခိုငှက်နှင့် နိုင်ငံအတွင်းရှိ သဘာဝငှက်ရိုင်းများမှတစ်ဆင့် ရောဂါရောက်ရှိခဲ့ပြီး ရောဂါပိုးကူးစက်လွယ်သော ငုံးနှင့်အခြား ကြက်ငှက်များ ရောနှော မွေးမြူခြင်းမှသော်လည်းကောင်း၊ နယ်စပ်ဒေသ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်းမှ တစ်ဆင့် သော်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းအသုံးအဆောင်ပစ္စည်းများ သယ်ပို့ခြင်းမှသော်လည်းကောင်း ရောဂါကူးစက်ခဲ့သည်ကို သုံးသပ်ရရှိပါသည်။

၃။ မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလျှင် ဖြစ်ပွားချင်း ရောဂါဖြစ်ပွားသည့် ကြက်ငှက်များနှင့် ရောဂါကူးစက်အန္တရာယ်ရှိသည့် ကြက်ငှက်များအား ရောဂါအမြစ်ပြတ်ချေမှုန်းနိုင်ရေးအတွက် သုတ်သင်ရှင်းလင်းခြင်း၊ ပိုးသန့်စင်ခြင်းလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရောဂါကျရောက်သည့် မြို့နယ်အား ရောဂါပျံ့နှံ့မှုကို လျင်မြန်စွာ ထိန်းချုပ်နိုင်ခဲ့ပါသည်။ သို့သော် လက်ရှိရောဂါဖြစ်ပွားခဲ့သည့် ကမ္ဘာတစ်ဝန်းဖြစ်စဉ်များအပေါ် လေ့လာတွေ့ရှိချက်အရ ရေရှည်ရောဂါကာကွယ်ထိန်းချုပ်ရေး၌ ကြက်ငှက်မွေးမြူထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများနှင့် ပြည်သူလူထုအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အခြေခံကျသည့် အောက်ဖော်ပြပါအချက်များအား ပါဝင်ပူးပေါင်းလိုက်နာဆောင်ရွက်သွားကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

(က) မွေးမြူရေးစနစ်ပြောင်းလဲခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်ခြင်း

(၁) ရောဂါစူးစမ်းရှာဖွေလေ့လာမှုအရ အချို့ဘဲများတွင် ရောဂါခုခံမှုပဋိပစ္စည်းတွေ့ရှိနေရသဖြင့် ဗိုင်းရပ်(စ်)ပိုးသည် မြန်မာနိုင်ငံအတွင်း ခိုအောင်းလျက်ရှိကြောင်း၊ ၎င်းဘဲများ မကျန်းမာဖြစ်သည့်အခါ အနီးဝန်းကျင်ရှိ ရောဂါကူးစက်လွယ်သော ကြက်၊ ငုံးများသို့ ရောဂါကူးစက်နိုင်သဖြင့် ဘဲ၊ မန်ဒါလီ၊ ကြက်ဆင်၊ ကြက်၊ ငုံးတို့အား ရောနှောမွေးမြူခြင်းမပြုဘဲ တိရစ္ဆာန်မျိုးစိတ် တစ်မျိုးချင်း သီးခြားထိန်းသိမ်းမွေးမြူသော မွေးမြူရေးစနစ်သို့ ပြောင်းလဲမွေးမြူရန်။

(၂) ငုံးများသည် ကြက်ငှက်တုပ်ကွေးရောဂါ လက်ခံကူးစက်လွယ်သဖြင့် ငုံးမွေးမြူရေးကို စနစ်တကျ သီးခြားမွေးမြူရန်။

(၃) ကြက်ငှက်များမွေးမြူရာတွင် လူနေအိမ်ခြေနှင့် သီးခြားဖြစ်သော နေရာဒေသ၌ လျာထားသတ်မှတ်၍ ခြံလှောင်စနစ်ဖြင့် စနစ်တကျ မွေးမြူရန်။

(ခ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း ရောင်းဝယ်ဖောက်ကားမှုစနစ် ပြောင်းလဲခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်ခြင်း

(၁) ကြက်၊ ဘဲအရှင်ဈေးအား ကြက်၊ ဘဲအရှင်ထားသို ဖြန့်ဖြူးသည့်ဈေးအဖြစ် သီးသန့်ထားရှိ၍ ရောင်းဝယ်ဖောက်ကားရန်၊ ကြက်၊ ဘဲအရှင်ဈေးအတွင်း ကြက်၊ ဘဲများ သတ်ဖြတ် ရောင်းဝယ်ဖောက်ကားခြင်းမပြုရန်နှင့် ကြက်၊ ဘဲ အသားဈေး သီးခြားသတ်မှတ်၍ ရောင်းဝယ်ဖောက်ကားရန်။

(၂) ကြက်၊ ဘဲအသားဈေးသို့ တင်ပို့သည့် ကြက်၊ ဘဲများအား သတ်ဖြတ်ခြင်းမပြုမီ သတ်မှတ်ကာလတစ်ခုအတွင်း သက်သောင့်သက်သာဖြစ်အောင် သီးခြားနေရာထားရှိရန်နှင့် သတ်ဖြတ်ပြီးပါက ၎င်းနေရာနှင့် သယ်ဆောင်ပစ္စည်းများအား ပိုးသတ်သန့်စင်ရန်။

(၃) ကြက်၊ ဘဲများအား ဇောက်ထိုးထား၍ သယ်ဆောင်ခြင်းသည် တိရစ္ဆာန်အား ညှဉ်းပန်းနှိပ်စက်ရာရောက်သည့်အပြင် ကြက်၊ ဘဲများ၏ နှုတ်သီး၊ ပါးစပ်မှကျသော အရိအရွဲများကြောင့် ခရီးလမ်းတစ်လျှောက်၌ ရောဂါကို ပျံ့နှံ့ကူးစက်စေနိုင်သဖြင့် ကြက်၊ ဘဲများ ဇောက်ထိုးထား၍ သယ်ဆောင်ခြင်းမပြုရန်နှင့် တားမြစ်ရန်။

(ဂ) ကြက်ငှက်တုပ်ကွေးရာသီ၌ ရောဂါကြိုတင်ကာကွယ်ခြင်း။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဆောင်းရာသီအတွင်းနှင့် ဆောင်းအကုန် နွေအကူးဖြစ်သော ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် အများဆုံးဖြစ်ပွားသည်ကို လေ့လာတွေ့ရှိရသဖြင့် ဆောင်းခိုငှက်များနှင့် ငှက်ရိုင်းများနားခိုကျက်စားတတ်သည့် ချောင်း၊ မြောင်း၊ အင်းအိုင်အနီးစပ်များတွင် ကြက်၊ ဘဲများ မွေးမြူခြင်းမပြုရန် (သို့မဟုတ်) ၎င်းကာလများ၌ မွေးမြူကောင်ရေ လျှော့ချမွေးမြူရန်နှင့် ဇီဝလုံခြုံမှုမြှင့်၍ မွေးမြူရန်။

(ဃ) ဇီဝလုံခြုံရေးနှင့် ဇီဝအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်ခြင်း။ သဘာဝ ငှက်ရိုင်းနှင့် ကြားခံရောဂါပိုး သယ်ဆောင်နိုင်သည့် ခွေး၊ ကြောင်၊ ကြက်စသည်များနှင့် လူ့အသုံးအဆောင်နှင့် မွေးမြူရေးလုပ်ငန်းသုံး ပစ္စည်းများမှ ရောဂါ ကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ကာကွယ်မှုအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုနှင့် ပိုးသန့်စင်မှုကို အတတ်နိုင်ဆုံးမြှင့်တင်ဆောင်ရွက်ရန်။

(င) မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြည်သူလူထုတို့ ပူးပေါင်းပါဝင်ခြင်းဖြင့် ရောဂါကြိုတင်ကာကွယ်ခြင်း။

(၁) ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေးအတွက် သက်ဆိုင်ရာဌာနများမှ ကွင်းဆင်းလာရောက်သည့်အခါ သက်ဆိုင်ရာ ဒေသအာဏာပိုင်နှင့် မွေးမြူသူပိုင်ရှင်များမှ ပူးပေါင်း ကူညီပါဝင်ဆောင်ရွက်ရန်။

(၂) ကြက်၊ ဘဲနှင့် အသုံးအဆောင်ပစ္စည်းများ ကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောရန်။

(၃) ကြက်သား၊ ဘဲသားကို ပွက်ပွက်ဆူအောင် ချက်ပြုတ် စားသောက်ရန်နှင့် ကြက်ဥ၊ ဘဲဥများကို အတွင်းအနှစ် ကျက်အောင် ကြော်/ချက်ပြုတ်ပြီးမှ စားသောက်ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ပို့ကုန်နှင့်သွင်းကုန် အစားထိုးပစ္စည်းများထုတ်လုပ်နေသည့် သာကေတစက်မှုဇုန်

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံ-အောင်အောင်

နိုင်ငံတစ်နိုင်ငံ ချမ်းသာကြွယ်ဝမှုအတွက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အလွန်အရေးပါသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စက်မှုကဏ္ဍကိုရော၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို စုစည်းထူထောင်ပေးထားသည့် စက်မှုဇုန်များကိုပါ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီမှုများဖြင့် တွန်းအားပေးလျက်ရှိသည်။

ဈေးကွက်တွင် ဖြန့်ချိရန် အဆင်သင့်ဖြစ်နေသည့် မျိုးလိုက်ထရပ်ယာဉ်များ။

ရန်ကုန်တိုင်းတွင် စက်မှုဇုန်ကြီးလေးဇုန် နိုင်ငံတော်က ဖွဲ့စည်းထူထောင်ပေးထားသည်။ ရန်ကုန်အရှေ့ပိုင်းခရိုင်စက်မှုဇုန်၊ ရန်ကုန်တောင်ပိုင်းခရိုင်စက်မှုဇုန်၊ ရန်ကုန်မြောက်ပိုင်းခရိုင်စက်မှုဇုန်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် စက်မှုဇုန်တို့ဖြစ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်စက်မှုဇုန်အတွင်း တာမွေ၊ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ ရန်ကင်း၊သဃ်္ဃန်းကျွန်းနှင့်သာကေတမြို့နယ်များ ပါဝင်သည်။ အဆိုပါ ဒေသများအတွင်း စက်မှုကဏ္ဍအနေဖြင့် စက်မှုဇုန် ကိုးဇုန်နှင့် စီးပွားရေးဖွံ့ဖြိုးမှုဇုန်တစ်ဇုန် ဖွဲ့စည်းထူထောင်ပေးထားသည်။ ဖွဲ့စည်းပေးထားသည့် စက်မှုဇုန်ကိုးဇုန်တွင် သာကေတမြို့နယ်စက်မှုဇုန်လည်း ပါဝင်သည်။

သာကေတစက်မှုဇုန်သည် သုဝဏ္ဏတံတားအနီး ငမိုးရိပ်ချောင်း ကမ်းနားတစ်လျှောက်တွင် တည်ရှိသည်။ ဧက ၂၀၀ ကျယ်ဝန်းကာ စက်မှုမြေကွက်ပေါင်း ၁၉၀ ဖော်ထုတ်ထားသည်။ နိုင်ငံပိုင်စက်ရုံသုံးရုံနှင့် ပုဂ္ဂလိကပိုင် စက်ရုံ ၁၃၀ လည်ပတ်လျက်ရှိသည်။ လည်ပတ်လျက်ရှိသည့် စက်ရုံများက စားသောက်ရေးဆိုင်ရာလုပ်ငန်း၊ ဝတ်ဆင်ရေးလုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်း၊ လူသုံးပစ္စည်းလုပ်ငန်း၊ အိမ်သုံးပစ္စည်း လုပ်ငန်း၊ စာပေအနုပညာဆိုင်ရာလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်း လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးယာဉ် ထုတ်လုပ်မှုလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အထွေထွေစက်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြသည်။

အလုပ်ရုံအတွင်း ထုတ်လုပ်နေသည့် မျိုး လိုက်ထရပ်များ။

သာကေတစက်မှုဇုန်၌ ပြည်ပနိုင်ငံ ဈေးကွက်တွင် နာမည်ရကာ ဈေးကွက်ခိုင်မာသော အရည်အသွေးကောင်း ပို့ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နေသည့်နည်းတူ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းများကိုလည်း ဝယ်သူစိတ်ကြိုက် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ပြီး ဖြည့်ဆည်းပေးလျက်ရှိသည်ကို တွေ့ရသည်။

သာကေတစက်မှုဇုန်မှ ထုတ်လုပ်ဖြည့်ဆည်းပေးနေသည့် သွင်းကုန်အစားထိုးပစ္စည်းများတွင် သယ်ယူပို့ဆောင်ရေးယာဉ် ထုတ်လုပ်မှုလုပ်ငန်းများလည်း ပါဝင်သည်။ စွမ်းထက်၊ နေမင်းမြန်မာ၊ မျိုး၊ စိန်ပန်းခိုင်၊ အောင်နိုင်သူနှင့် ဝင်းစတား စသည့် မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများသည် အရည်အသွေး ကောင်းမွန်ပြီး ဈေးကွက်ဝေစု ခိုင်ခိုင်မာမာရရှိနေသော လုပ်ငန်းများဖြစ်သည်။ အဆိုပါလုပ်ငန်းများမှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ဂျစ်အမျိုးမျိုး စီးရေ-၂၀၀ နီးပါးနှင့် လိုက်ထရပ် စီးရေ ၂၀၀ ကျော် ထုတ်လုပ်ဖြည့်ဆည်းသွားရန် အားထုတ်နေကြသည်ကို တွေ့ရသည်။

သွင်းကုန်အစားထိုး သယ်ယူပို့ဆောင်ရေးယာဉ်များ ထုတ်လုပ်နေကြသည့်အနက် သာကေတစက်မှုဇုန်၊ မြနန္ဒာလမ်း၊ အမှတ် ၁၂၉ ရှိ မျိုး ဂျစ်ကားထုတ်လုပ်ရေးလုပ်ငန်းကို လေ့လာခွင့်ရရှိခဲ့သည်။

"ကျွန်တော်တို့ မျိုး ဂျစ်ကားထုတ်လုပ်ရေးလုပ်ငန်းက ထုတ်လုပ်တဲ့ကားတွေမှာ ဖရိန်ဆိုရင် ဂိတ်ပြည့်နဲ့ ဘော်ဒီကို ၁၈ ဂိတ်ပြည့် သံပြားတွေအသုံးပြုပြီး၊ ဝါရင့်ကျွမ်းကျင်တဲ့ ပညာရှင်များနဲ့ ညှိနှိုင်းတိုင်ပင်ထုတ်လုပ်ထားပါတယ်။ ဒါ့အပြင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းအပြင် မြင့်မားတဲ့ အရည်အသွေး၊ လုပသည့်ဒီဇိုင်း၊ သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူစီးနင်းကြသူတွေပေးရတဲ့တန်ဖိုးနဲ့ ထိုက်တန်အောင် ထုတ်လုပ်ထားပါတယ်"ဟု မျိုး ဂျစ်ကားထုတ်လုပ်ရေးမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးသန့်က ပြောပြသည်။ မျိုးဂျစ်ကားထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း မျိုး ဂျစ် (MBJ-01) ၁၀ စီး၊ မျိုးဂျစ် (MBJ-02) အစီး ၂၀ နှင့် မျိုးလိုက်ထရပ် (MLT-001)အစီး ၄၀ ထုတ်လုပ်ခွင့် ရရှိထားကြောင်း သိရသည်။

မျိုးဂျစ် (MBJ-01)မှာ 2C/3C အင်ဂျင်ထိုင်ထားပြီး 5 Speed Manual/ Auto နှင့် 4 x 2/4 x 4 နှစ်မျိုးဖြစ်သည်။ အောက်ပိုင်းမှာ ရှေ့ Wishbone Type, Independent Torsion Spring နှင့် နောက် Rigid Axle, Leaf Spring ဖြစ်သည်။ ဘရိတ်မှာ ရှေ့ Disc နှင့် နောက် Drum ဖြစ်သည်။ ပါဝါ စတီယာရင် လက်ဝဲမောင်းစနစ်ဖြစ်သည်။

မျိုးဂျစ် (MBJ-02)မှာ -2C/3C အင်ဂျင်ထိုင်ထားကာ ဂီယာမှာ 5 Speed Manual/Auto နှင့် 4 x 2/4 x 4 နှစ်မျိုးဖြစ်သည်။ အောက်ပိုင်းမှာ ရှေ့ Double Wish Bone Type Independent Torsion Sparing ဖြစ်ပြီး၊ နောက်ပိုင်းမှာ Rigid Axle, Leaf Spring ဖြစ်သည်။ ရှေ့ဘရိတ် Disc နှင့် နောက်ဘရိတ် Drum ဖြစ်သည်။ ပါဝါစတီယာရင် လက်ဝဲမောင်းစနစ်ဖြစ်သည်။

မျိုး ဂျစ်များသည် မိုးလုံလေလုံဖြစ်သည်။ တည်ဆောက်ပုံစနစ်ကျသဖြင့် စီးနင်းရသည်မှာ သက်သောင့်သက်သာရှိသည်။ လေအေးပေးစက် တပ်ဆင်ထားသည်။ တံခါးသုံးပေါက်ဖြစ်သည်။ ထူးခြားသည်မှာ ကားနောက်ပိုင်းတွင်တပ်ဆင်ထားသော ဘရိတ်မီး၊ အချက်ပြမီး စသည်တို့မှာ အောက်ပိုင်းတွင်မဟုတ်ဘဲ အပေါ်ဘက်တွင် တပ်ဆင်ထားရာ တစ်မျိုးဆန်းသစ်နေသည်။

၂၀၀၈ ခုနှစ် သင်္ကြန်အတွက် မျိုး ဂျစ်များကို တစ်မျိုးတစ်ဘာသာ ဆန်းသစ်စွာ ထုတ်လုပ်နေကြောင်းလည်း အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးသန့်ထံမှ သိရသည်။ သင်္ကြန်ဂျစ်မှာ လက်ဝဲမောင်း ဘောဂီယာဖြစ်သည်။ ကိုင်တွယ်စရာ စတီးကိုင်းများ တပ်ဆင်ထားသည်။

မျိုး လိုက်ထရပ်(MLT-001)မှာလည်း ဝယ်လက်များ ကြိုက်နှစ်သက်သည့် အရည်အသွေးများဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။ 2C/3C အင်ဂျင်၊ ဟင်းဂီယာ/ဘောဂီယာ/အော်တိုဂီယာဖြစ်ပြီး 4x2 ဖြစ်သည်။ အောက်ပိုင်းမှာ ရှေ့ Wishbone Type, Independent Torsion Spring နှင့်နောက် Rigid Axle, Leaf Spring ဖြစ်သည်။ ဘရိတ်မှာ Disc/ Drum ဖြစ်သည်။ ပါဝါစတီယာရင် ယာမောင်းဖြစ်ကြောင်း သိရသည်။

မျိုး ဂျစ်များနှင့် လိုက်ထရပ်တို့မှာ အောက်ပိုင်းခိုင်ခံ့တောင့်တင်းသော ကားများဖြစ်သည်။ အောက်ပိုင်းပစ္စည်းများအားလုံး အသစ်ချည်း အသုံးပြုထားကြောင်း အုပ်ချုပ်မှုဒါရိုက်တာက ပြောပြသည်။ ပစ္စည်းများလဲလှယ်ရလွယ်ကူကြောင်း သိရသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ သာကေတစက်မှုဇုန်အပါအဝင် စက်မှုဇုန်ကိုးဇုန်နှင့် စီးပွားရေးဖွံ့ဖြိုးမှုဇုန်တို့သည် နိုင်ငံတော်က ရည်မှန်းဆောင်ရွက်လျက်ရှိသော စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုနိုင်ငံထူထောင်နိုင်ရေးကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကြိုးပမ်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မျိုး ဂျစ်ယာဉ်မောင်းခန်းအား ဤသို့ စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၂-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၅	၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။ မျိုးချစ်တပ်မတော်
၅:၀၀	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၅:၃၀	၉။ ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒီလှိုင်းနှင့်အတူ (အပိုင်း-၁၆)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေးတေးကဗျာ
	၁၉။ မေးမြန်းစူးစမ်း
	၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်ချစ်သူရဲကောင်း(အပိုင်း-၃၀)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ရွှေပေါက်ကံမြို့သစ်ရှိ ပတ္တမြားစေတီတော်သို့ စပါးကြီးမြွေများရောက်ရှိလာပြီး ဘုရားဖူးသူများပြားလာ

ရန်ကုန် ဖေဖော်ဝါရီ ၃

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန် ပုဂံလမ်းရှိ ပတ္တမြားစေတီတော်ရင်ပြင်ပေါ်သို့ ဇန်နဝါရီ ၉ ရက် မွန်းတည့် ၁၂နာရီခန့်တွင် စပါးကြီးမြွေတစ်ကောင်ရောက်ရှိလာ၍ ဂေါပကအဖွဲ့က ထိန်းသိမ်းထားသည်။ ယင်းနောက် ဇန်နဝါရီ ၁၅ ရက်တွင်လည်း ရွှေပေါက်ကံရဲစခန်းမှတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် စပါးကြီး မြွေတစ်ကောင်အား တွေ့ရှိ၍ ဘုရားသို့ပို့ဆောင်ခဲ့သည်။ တစ်ဖန် ဇန်နဝါရီ ၃၁ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာ (၈)လမ်းနေ မောင်ကျော်ကြီးနှင့်အပေါင်းပါနှစ်ဦးတို့က စပါးကြီးမြွေ တစ်ကောင်ကိုလမ်းတွင်တွေ့ရှိ၍ ဖမ်းဆီးကာ လာရောက်ပို့ဆောင်သဖြင့် စုစုပေါင်း သုံးကောင်ဖြစ်လာသောကြောင့် ဂေါပကအဖွဲ့က မြွေများထားရှိရန် အဆောက်အအုံ ဆောက်၍ ထားရှိခဲ့သည်။

ထည့်ဝင်လှူဒါန်း

အဆိုပါမြွေများမှာ လွှတ်ပေးသော်လည်း ထွက်သွားခြင်းမရှိသည့်အပြင် ရောက်ရှိလာသည့်နေ့မှ ယနေ့တိုင် နွားနို့၊ ကြက်ဥ၊ ငုံးဥများကျွေးသော်လည်း မည်သည့်အစာမှ စားသောက်ခြင်းမရှိကြောင်း၊ အဆိုပါ မြွေများ စေတီသို့ ရောက်ရှိချိန်မှစ၍ ရုံးပိတ်ရက်များတွင် တစ်နေ့လျှင် လူ ၈၀၀ ခန့်မှ ၁၀၀၀ ခန့်အထိ ရောက်ရှိလာ၍ ဘုရားဖူးပြီး မြွေများကိုကြည့်ရှုကာ အလှူငွေများ ထည့်ဝင်လှူဒါန်းနေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော လူငယ်ထုဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်တွင် အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။

(ကြေးမုံ)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် ဒေါက်တာ တင်ညွှန့် (ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန)ဇနီး ဒေါ်ခင်ခင်ကြီး မိသားစုက ငွေကျပ်ခြောက်သိန်းခန့် တန်ဖိုးရှိ ရတနာပစ္စည်းများ လှူဒါန်းရာ ဓမ္မဇောတိ ဝိပဿနာရိပ်သာမှ လက်ထောက်မန်နေဂျာ လက်ခံရယူစဉ်။ (က-ပ)

သန်လျင်မြို့ အောင်ချမ်းသာ(၃)ရပ်ကွက် အမက (ဂျမား) တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ရေးအတွက် ရန်ကုန်မြို့ သုဝဏ္ဏနေ ဦးအောင်သူရ-ဒေါ်ခင်မေမေလတ်၊ သမီး မဖြူစင်ယမင်း၊ သား မောင်ပြည့်ဖြိုးမောင်မောင် မိသားစုက မြို့နယ်ပညာရေးမှူး ဦးသန်းစိန်ထံ ဇန်နဝါရီ ၂၇ ရက်က အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

သတင်းအချက်အလက်နည်းပညာ ကော်ပိုရေးရှင်းလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာသတင်းအချက်အလက် နည်းပညာကော်ပိုရေးရှင်း လီမိတက်၏ ၂၀၀၆-၂၀၀၇ ခုနှစ် ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ Myanmar Info-Tech အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အစုရှယ်ယာရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲ Cow Boy အသင်း လေးပွဲနိုင်ဖြင့် ဦးဆောင်နေ

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် HORIZON Int'l Education Center တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇-၂၀၀၈ ရာသီ HORIZON LEAGUE ဘတ်စကက်ဘော ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်နှင့် ၃ ရက်တို့တွင်ကျိုက္ကဆံမိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် Red Star က The Gyuts ကို (၇၆-၆၅)မှတ်၊ GB က Furious ကို (၅၃-၅၂)မှတ်၊ Cow Boy က CCY ကို (၉၇-၆၂)မှတ်၊ Blue Boy က Filipino ကို (၂၂-၁၂) မှတ်တို့ဖြင့် အသီးသီးအနိုင်ရရှိသွားကြသည်။

ယနေ့ ပွဲစဉ်အပြီးတွင် Cow Boy အသင်းက လေးပွဲကစား၊ လေးပွဲ နိုင်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Red Star နှင့် KKS အသင်းတို့က သုံးပွဲကစား သုံးပွဲနိုင်ကာ နောက်မှလိုက်နေသည်။ (ကြေးမုံ)

Blue Boy အသင်းနှင့် Filipino အသင်းတို့ ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်မြတ် ပရိဝုဏ်အတွင်းတွင် ဆောက်လုပ် လှူဒါန်းခဲ့ပြီးဖြစ်သော သုဇာတာသူဌေးသမီး ဂနာနို့ဆွမ်း ကပ်လှူခန်း တန်ဆောင်း ပြန်လည်ပြုပြင်ခြင်းနှင့် တန်ဆောင်းအတွင်းတွင် သီတင်းသုံးတော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ် ရွှေသင်္ကန်းကပ်လှူခြင်းအတွက် အလှူငွေကျပ် ၂၅ သိန်းကို အလှူရှင် ဒေါ်မြမြသက်၊ သားကိုဇော်မှူး၊ သမီးမမြင့်မြင့်သန်း မိသားစု မင်္ဂလာတောင်ညွန့်မြို့နယ် အောင်သပြေလမ်းမှ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမောင်နှင့် အဖွဲ့ဝင်တို့ လက်ခံရယူကြစဉ်။ (က-ပ)

ကြေးမုံ The Mirror မှုခင်းသတင်းများ

လမ်းဘေး စက်သုံးဆီရောင်းချသူများအား ဖမ်းဆီး

ရန်ကုန် ဖေဖော်ဝါရီ ၃

တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း အမျိုးသားစာကြည့်တိုက် ဆောက်လုပ်ရေးလုပ်ငန်းခွင်အနီး လမ်းဘေး၌စက်သုံးဆီတရားမဝင် ရောင်းချနေသူများအား ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀နာရီခန့်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့နယ်မြေ(၄)မှ တာဝန်ရှိသူများက ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ စည်ပင် (၂၈) နှစ်နှင့် လှမိုး (၂၃)နှစ် စက်မှု (၂)လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်တို့ထံမှ ဓာတ်ဆီနှင့် ဒီဇယ်ဆီဂါလန် ၃၀ စီ၊ ငွေကျပ် ၃၀၀၀၀ နှင့် ဆက်စပ်ပစ္စည်းများတွေ့ရှိရမိခဲ့သည်။ စည်ပင်နှင့် လှမိုးတို့အား တာမွေ ရဲစခန်း၌ (ပ)သတင်းချက် အမှတ် ၂၅၈/၂၀၀၈၊ ၂၅၉/၂၀၀၈ တို့ဖြင့် အမှုနှစ်မှုခွဲ၍ အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေပုဒ်မ ၈(၁)အရ အရေးယူထားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးမြို့ ရန်ကုန်-မန္တလေး ကားလမ်းမပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပြီး လူတစ်ဦးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၃

ပဲခူးမြို့အဝင် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင် (၄၁/၄)အနီးတွင် ဖေဖော်ဝါရီ ၁ ရက် နံနက် ၅ နာရီခွဲက ကားဂျိုင်းပြုတ်၍ ပြုပြင်နေသော လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာနေ ခိုင်သဲဦး (၁၉) နှစ် မောင်းနှင်သည့် အေရိုးလက်အမျိုးအစား အစိမ်းရောင်ခြောက်ဘီးကားအား ရန်ကုန်မြို့မှလာသည့် မြောက်ဥက္ကလာပမြို့နယ်နေ ရဲထွဋ်ရှု (၃၀) နှစ် မောင်းနှင်လာသည့် ကင်တာအမျိုးအစားယာဉ်က နောက်မှဝင်ရောက်တိုက်မိခဲ့သည်။ ယင်းသို့ တိုက်မိခဲ့သဖြင့် ကင်တာယာဉ်၏ ခေါင်းခန်းတွင် လိုက်ပါလာသူ လှိုင်သာယာမြို့နယ်နေ ဇော်ဝင်းထွန်း (၂၅) နှစ် (စိစစ်ဆဲ)မှာ အဆိုပါနေရာတွင် သေဆုံးပြီး လှိုင်သာယာမြို့နယ် (၁၄)ရပ်ကွက်နေ ကျော်နိုင်သူ(၃၀) နှစ်မှာ ဖူးရောင်ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ရဲထွဋ်ရှုနှင့် ခိုင်သဲဦးတို့နှစ်ဦးအပေါ် ပဲခူးမြို့ အမှတ် (၃)ရဲစခန်းမှ (ပ)သတင်းချက် အမှတ် ၄၆/၂၀၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က/၃၃၈ အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရထားတိုက်ခံရသူ ဒဏ်ရာများရရှိ သေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၃

မြောက်ဥက္ကလာပမြို့နယ်ရှိ တံတားလေးဘူတာနှင့် ကျောက်ရေတွင်းဘူတာကြားတွင် ဖေဖော်ဝါရီ ၁ ရက် ည ၉ နာရီခန့်က လူတစ်ဦး ရထားတိုက်ခံရကြောင်း သတင်းအရ မြောက်ဥက္ကလာပရဲစခန်းမှ ဒုရဲအုပ်ဝင်းသိန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးသည်။

ရထားတိုက်ခံရသူမှာ မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် သုမိတ္တာ (၁)လမ်းနေ ဝင်းအောင် (၃၂) နှစ်ဖြစ်ပြီး ၎င်းသည် ဘူတာနှစ်ခုကြားရှိ မိုင်တိုင်အမှတ် (၈/၁၅)နှင့် (၈/၁၆)အကြား တံတားအမှတ် (၁၆)အနီး သံလမ်းပေါ်တွင်ထိုင်နေစဉ် ရန်ကုန်ဘက်မှ အင်းစိန်ဘက်သို့ မောင်းနှင်လာသော လက်ယာရစ် မြို့ပတ်ရထားနှင့်တိုက်မိကြောင်း သိရသည်။

ယင်းသို့တိုက်မိသဖြင့် ကိုဝင်းအောင်တွင် ညာချိုစောင်းစုတ်ပြဲဒဏ်ရာ၊ ဦးခေါင်းနောက်စေ့ညိုမည်း ဒဏ်ရာနှင့် သုံးလက်မခန့်ကွဲအက်ဒဏ်ရာ၊ ဝဲ/ယာခြေထောက်ကျိုးဒဏ်ရာ၊ ယာ နောက်ကျောရိုးညိုမည်းဒဏ်ရာများရရှိကာ တံတားအောက်သို့ပြုတ်ကျသွားသဖြင့် ရထားအားရပ်တန့်၍ လုံခြုံရေးလိုက်ပါလာသော အင်းစိန်မီးရထားတပ်ခွဲမှ တပ်ကြပ်ဇော်နိုင်ဦးနှင့် အဖွဲ့က ရထားပေါ်သို့ ကောက်ယူတင်ဆောင်လာစဉ် ပုရွက်ဆိတ်ကုန်းဘူတာ အရောက် သေဆုံးသွားသဖြင့် အလောင်းအား မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်ရာ PR-2ဖြင့် လက်ခံရေးဖွင့်သည်။

မြောက်ဥက္ကလာပရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၄/၂၀၀၈ ဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် ရေးဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။ (၃၁)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ပဲမျိုးစုံထုတ်ကုန်အရေအတွက်သာမက အရည်အသွေးပါတိုးတက်ထုတ်လုပ် ပဲမျိုးစုံနှင့် နှမ်းစိုက်ပျိုးရေး အထူးပြုဇုန်များပေါ်ထွက်လာရေး ပံ့ပိုးကူညီ

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏(၁၅)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယမန်နေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အူလ်ဆန်အသင်းမှ ကင်ရူဆု၏ ထိုးဖောက်မှုကို ဘဏ္ဍာ/အခွန်အသင်းမှ ထွန်းထွန်းဝင်းနှင့် အောင်ကျော်မိုးတို့ ဖျက်ထုတ်ရန် ကြိုးစားစဉ်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းအောင်က အသင်း၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ နေ့စဉ်ဖော်ပြမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့်ကျောင်းသားကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိကောင်းစရာများကို ဖေဖော်ဝါရီ ၅ရက်မှစ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နေ့စဉ်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
သိကောင်းစရာများ နေ့စဉ်ဖော်ပြမည့်အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	မြန်မာစာဘာသာရပ်	၅-၂-၂၀၀၈
၂။	စိတ်ကြိုက်မြန်မာစာဘာသာရပ်	၆-၂-၂၀၀၈
၃။	အင်္ဂလိပ်စာဘာသာရပ်	၇-၂-၂၀၀၈
၄။	သင်္ချာဘာသာရပ်	၈-၂-၂၀၀၈
၅။	ဓာတုဗေဒဘာသာရပ်	၉-၂-၂၀၀၈
၆။	ရူပဗေဒဘာသာရပ်	၁၀-၂-၂၀၀၈
၇။	ဇီဝဗေဒဘာသာရပ်	၁၁-၂-၂၀၀၈
၈။	ပထဝီဝင်ဘာသာရပ်	၁၂-၂-၂၀၀၈
၉။	သမိုင်းဘာသာရပ်	၁၃-၂-၂၀၀၈
၁၀။	ဘောဂဗေဒဘာသာရပ်	၁၄-၂-၂၀၀၈

မြန်မာ-ကိုရီးယား ချစ်ကြည်ရေးဘောလုံးပွဲ တစ်ဂိုးစီသရေကျ ဘဏ္ဍာ/အခွန်က အူလ်ဆန်တက္ကသိုလ်အသင်းကို ခြေရည်တူကစား

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာ-ကိုရီးယားချစ်ကြည်ရေးအစီအစဉ်အရ အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်းနှင့် ဘဏ္ဍာ/အခွန်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ကျင်းပရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

အသက်ရှူကျပ်နေသော ကျားပေါက်ငယ်အား ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ကယ်တင်ခဲ့

ထူးထူးခြားခြား အင်တာနက်သတင်း

ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ကယ်ပေးလိုက်ရသော ဂျာမနီနိုင်ငံ တိရစ္ဆာန်ဥယျာဉ်မှ ကျားပေါက်ကလေးကို တွေ့ရစဉ်။

ပေကျင်း ဖေဖော်ဝါရီ ၃

ဂျာမနီနိုင်ငံ ဟာလီမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် ကျားပေါက်ငယ်လေးတစ်ကောင်သည် အသားပိုင်းတစ်ပိုင်းကိုစားနေရာမှ အစာတစ်ကာ အသက်ရှူမရဖြစ်ခဲ့ရာ လာရောက်လည်ပတ်သော ဂျာမန် ဆေးကျောင်းသူတစ်ဦးက ပါးစပ်ချင်းတေ့၍ အသက်ရှူစေသော အသက်ကယ်နည်းဖြင့် အသက်ပြန်ရှူလာအောင် ပြုလုပ်ပေးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက် အင်တာနက်သတင်းက ဖော်ပြသည်။

အသက် ၂၄နှစ်အရွယ် အမျိုးသမီး ဂျာနိုင်းဘာရာသည် သားနှင့်အတူတိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်စဉ် လေးလသားအရွယ်ရှိ ကျားပေါက်ငယ်လေးမှာ အသက်ရှူကျပ်နေသည်ကို သတိပြုမိကြသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✻

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား